

# ပုညာရာမဆရာတော် အရှင်ပုညာနန္ဒ၏ ထေရုပ္ပတ္တိအကျဉ်းချုပ်

ပုညာရာမဆရာတော် အရှင်ပုညာနန္ဒ အမည်ရှိ အလောင်းလျာကို ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ရှမ်းကန်ကျေးရွာ၌ ခမည်းတော် ဦးဘိုးလှ၊ မယ်တော် ဒေါ်ခင်စီ တို့က ကောဇာသက္ကရာဇ် ၁၃၂၁ - ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁)ရက်၊ ၁၇-၉-၁၉၅၉ ခုနှစ်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။ ငယ်နာမည်မှာ မောင်မြင့်ဇော် ဖြစ်၍ မောင်နှမ (၇) ယောက် တို့တွင် သားဦးရတနာ ဖြစ်ပါသည်။

အရှင်ပုညာနန္ဒ အလောင်းလျာသည် ခေတ်ပညာကို ရှမ်းကန်ကျေးရွာ၌လည်းကောင်း၊ ကဝမြို့နယ်၊ မကြက်ကြီးကျေးရွာ၌လည်းကောင်း၊ ရန်ကုန်မြို့ တာမွေ အမှတ်(၁) အထက်တန်းကျောင်း၌ လည်းကောင်း အသီးသီး ဆည်းပူးသင်ယူ အောင်မြင်ခဲ့၍ တပ်မတော် (လေ) ၌ ၁၂ - နှစ်ကြာမျှ တာဝန် ထမ်းဆောင်ခဲ့ပြီး လုပ်သားကောလိပ်၌ တတိယနှစ်အထိ ပညာသင်ယူခဲ့ပါသည်။

ဆရာတော် အလောင်းလျာသည် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ အသံတော် တရားများ အမှတ်(၁) စာအုပ်ကို ဖတ်ရှုရာမှ သံဝေဂ ရရှိမှု၊ ကျေးဇူးတော်ရှင် ရွှေဥမင်ဆရာတော်ဘုရား ကြီး၏ အဆုံးအမ၊ ကျေးဇူးရှင် ဇနိတာရာမဆရာတော်ဘုရား၏ လမ်းညွှန်မှုများဖြင့် ၁၃၅၃ - ခုနှစ်၊ ကဆုန် လပြည့်၊ စနေနေ့ (၂၇-၄-၁၉၉၁) ရက်နေ့ နံနက် (၈း၄၅) နာရီ အချိန်တွင် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဇနိတာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇနိတာလင်္ကာရအား ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပဋိပတ္တိ၊ ပရိယတ္တိ အလုပ်များကို ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဇနိတာရာမ မိုးကုတ်ဝိပဿနာ ကျောင်းတိုက် ဆရာတော်ထံ၌လည်းကောင်း၊ ရွှေဥမင်တောရ ဆရာတော်ဘုရားကြီးထံ၌လည်းကောင်း၊ တောင်စွန်း ဓမ္မဒူတ ဆရာတော် ဘဒ္ဒန္တပညာဇောတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဝိသိဋ္ဌဒီဃ ဘာဏကက နှင့် သီရိပဝရ ဓမ္မာစရိယ)၊ မုဒုံမြို့ ကျောက်တစ်လုံးတောရဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ (ပဋ္ဌာနိကာယ ပိဋကတ္တယပါဠိပါရဂူ)၊ တောင်စွန်းဓမ္မဒူတ တောရကျောင်း ဘဒ္ဒန္တပညိဿရ (ဓမ္မာစရိယ)၊ မော်ဘီဓမ္မဒူတ ဇေတဝန်တောရ ဘဒ္ဒန္တဆေကိန္ဒ (ဓမ္မာစရိယ) တို့ထံ၌ ပါဠိစာပေကျမ်းဂန်များကို သင်ယူဆည်းပူးခဲ့ပါသည်။

ယခုအခါ ဆရာတော်သည် ဝိပဿနာတရားစခန်းများကို ဒေသအသီးသီးနှင့် ပြည်တွင်းပြည်ပ နိုင်ငံများသို့ လှည့်လည်ဟောပြော ပြသနေစဉ် ၂၂.၁၀.၂၀၀၉ ရက်နေ့တွင် အိန္ဒိယနိုင်ငံ ပတ္တနားမြို့၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီ ဖြစ်ပါသည်။

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်
ပဓာနနာယက ဆရာတော်

# အရှင်ပုညာနန္ဒ

(ဗဟုဇနဟိတစရေ)

ဟော ကြား တော် မူ သော

# တန်ဖိုးရှိတဲ့စိတ်ဖြစ်အောင်လုပ်ပါ

## တရားတော်



# ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်



ပဓာန နာယကဆရာတော်

# အရှင်ပုညာနန္ဒ

ဓမ္မကထိက ဗဟုဇနဟိတဓရ

ကမ္မဋ္ဌာနာစရိယ

# ဆရာတော်အရှင်ပုညာနန္ဒ၏ သာသနာပြုလုပ်ငန်းများကို

# ခမည်းတော် ဘဒ္ဒန္တဝိစာရ

# မှ

# ဆက်လက်ဆောင်ရွက်

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊ ပြည်တွင်းပြည်ပ နယ်လှည့်သာသနာပြု ဓမ္မကထိက၊ ဗဟုဇနဟိတဓရ ဆရာတော် အရှင်ပုညာနန္ဒ ဟောကြားတော်မူသော တရားတော်များစာအုပ်, တိပ်, CD, VCD, DVD များအား သာကေတမြို့နယ်၊ ( ၉ ) ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်တွင် ဝယ်ယူရရှိနိုင်ပါသည်။

လစဉ် အင်္ဂလိပ်လဆန်း (၁၃) ရက်နေ့တိုင်း (၁၀) ရက် တရားစခန်းများ ကိုလည်း ပုံမှန် ဖွင့်လှစ်ပြီး မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယခံ ဓမ္မကထိက များမှ အလှည့်ကျ ဟောပြောပြသမည် ဖြစ်ရာ၊ ဆရာတော် ပျံလွန်တော်မူပြီးသည့် နောက်ပိုင်း ဆရာတော် ဆောင်ရွက်တော်မူခဲ့သော သာသနာပြုလုပ်ငန်းများကို ခမည်းတော် ဘဒ္ဒန္တဝိစာရ နှင့် တပည့်သာဝကများမှ ဆက်လက်တာဝန်ယူ ဆောင်ရွက်နေပါသည်။

## ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

နဝရတ်လမ်း၊ (၉) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

☎ - ၅၅၃၃၃၀၊ ၅၅၁၁၇၂

1296029

K-300

[illegible]

[illegible] ၄ [illegible] သိမ်ကြီးဈေး [illegible]

[illegible] ၇၃၀၈၁၀ (ထိုင်းခွဲ ၇၆၄၊ ရန်ကုန်မြို့

[illegible]

[illegible] [illegible]

[illegible]

# တန်ဖိုးရှိတဲ့စိတ်ဖြစ်အောင်လုပ်ပါတရားတော်

သာသနာတော်နှစ် ၂၅၅၃ - ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခု၊ သီတင်းကျွတ်လဆန်း (၆) ရက်၊ သက္ကရာဇ် ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ( ၉ ) ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီးအတွင်း ဆင်ယင်ကျင်းပပြုလုပ်သော သတ္တမအကြိမ်မြောက် မိုးကုတ်ဝိပဿနာ ရက်ရှည် ရက် (၁၀၀) အထူးတရားစခန်း ( ၈၇ ) ရက်မြောက်နေ့၊ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်များအား အမှူးထား၍ သံဃာ့ဂုဏ်အာရုံပြု၍ တရားဝင် တရားအားထုတ်ကြသော ယောဂီသူတော်စင်တွေကို ယနေ့ အရုဏ်ဆွမ်း နေ့ဆွမ်း ညနေဖျော်ရည် ဆီဆန်တွေ ယောဂီတစ်ခန်းစာ သိန်း(၅၀)ကျပ် အစရှိသော ကောင်းမှုမျိုးစေ့တွေ ကြဲချတဲ့ အလှူရှင်တွေကတော့ ရန်ကုန် စမ်းချောင်း ညောင်တုန်းလမ်းမှာ နေထိုင်ကြတဲ့ ဖခင်ကြီး ဦးမြတင်ရဲ့ (၈၉) နှစ်ပြည့် မွေးနေ့ကို အကြောင်းပြုပြီးတော့ သား - သမီးများဖြစ်ကြတဲ့ ဦးသန်းထွန်း + ဒေါ်ခင်နွယ်နွယ်၊ ဒေါ်ခင်မျိုးညွန့်၊ ဒေါ်ခင်ဆွေဌေး၊ ဦးတင့်လွင် + ဒေါ်ခင်သီဆန်း၊ ဒေါ်ခင်ချိုချို၊ ဒေါ်ခင်ဝင်းသန့် မိသားစုတို့မှ ကောင်းမှုမျိုးစေ့တွေနဲ့ ကြဲချစိုက်ပျိုးအလှူဒါန်းပြီး လွန်ခဲ့သော ( ၃ ) နှစ်ခန့်က ကွယ်လွန်သွားခဲ့တဲ့ မိခင်ကြီး ဒေါ်အိမ်ခင်၊ ခဲအို ဦးသီ ( ၃ ) လပြည့်တို့ကို ရည်စူးပြီးတော့မှ ကောင်းမှုမျိုးစေ့အနေနဲ့ ကြဲချစိုက်ပျိုးပေးတဲ့ အလှူဒါနပွဲမှာ ယနေ့ကစပြီး သက်ဆုံးတိုင် မိမိတို့ ပြုသင့်ပြုထိုက်တဲ့အလုပ်တွေ ကောင်းစွာပြုလုပ်ပြီး ကြိုးစားဖြည့်ဆည်းနိုင်အောင် အနုမောဒနာတရားအနေနဲ့ ဟောကြားအပ်သော -

## " တန်ဖိုးရှိတဲ့စိတ်ဖြစ်အောင်လုပ်ပါ တရားတော် "

ဒီတရားတော်ကို မဟောကြား မနာကြားမီမှာ တရားပိုင်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုအား နမောတဿ သုံးကြိမ်ဖြင့် ညီညာဖြဖြ ပူဇော်ကန်တော့ကြရအောင် . . .

( နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ )[၃]

ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြည်ညိုပြီးတဲ့နောက်မှာ ယနေ့ မိမိတို့အားလုံး ကိုယ်ပြုခဲ့တဲ့ကောင်းမှုပွဲမှာ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်တွေ ကောင်းစွာလုပ်နိုင်ဖို့နဲ့ တန်ဖိုးရှိတဲ့စိတ်တစ်စိတ်ဟာ ကိုယ့်အတွက် အဖိုးတန်ကယ်တင်ရှင်ပဲဆိုတာကိုလည်း ကောင်းစွာသဘောပေါက်ပြီးတော့ ယနေ့အလှူရှင်နှင့်တကွ အားလုံးသော သူတော်စင်တွေကလည်း အရဖြည့်ဆည်းနိုင်ဖို့ကို အာရုံပြုဖို့ကို မမေ့ပါနဲ့ . . . .

လောကမှာ လှူကြတဲ့ပုဂ္ဂိုလ်တွေက အခုချိန်ခါမှာ ကွယ်လွန်သွားတဲ့ ပုဂ္ဂိုလ်တွေ ရည်စူးပြီးတော့ ကောင်းမှုကုသိုလ်ပြုပေးကြတယ်၊ ဒီကောင်းမှုကုသိုလ်ပြုပေးတဲ့အတွက်ကြောင့်မို့လို့ ကွယ်လွန်သွားတဲ့ပုဂ္ဂိုလ်တွေမှာလည်း ကိုယ်ရှင်စဉ်ကာလ နေထိုင်ခဲ့တဲ့အချိန်မှာ ကိုယ့်ရဲ့စိတ်လေးကို တန်ဖိုးရှိအောင် အသုံးချသွားရင်တော့ ကျေးဇူးများတာက ကိုယ့်ကို ကယ်တင်နိုင်မယ်။ တကယ်လို့ ကိုယ့်စိတ်ကို မစောင့်ရှောက်နိုင်ခဲ့ရင်တော့ ယနေ့ပြုတဲ့ ကုသိုလ်ကောင်းမှုတွေဟာ သူတို့ကို ပံ့ပိုးရတယ်၊ ဖြည့်ဆည်းရတယ်။ လွတ်မြောက်အောင် စွမ်းဆောင်ဖို့အတွက် မိမိတို့ဘက်က တတ်စွမ်းသမျှ ကြိုးစားပြီး ဆောင်ရွက်ပေးနေရတဲ့အလုပ်တွေဟာ ဩော် . . . ကွယ်လွန်သွားတဲ့ ပုဂ္ဂိုလ်တွေမှာ လိုအပ်သမျှ အချက်တွေကို ရှင်စဉ်တုန်းက လုပ်မသွားလို့ တို့ ပံ့ပိုးရတာပဲ၊ သူတို့ကို အကြောင်းပြုပြီးတော့လည်းပဲ ရှင်စဉ်ကာလမှ လုပ်သွားခဲ့ရင် ဆွေမျိုးသားချင်းတော်စပ်ခဲ့တဲ့ ပုဂ္ဂိုလ်အတော်များများမှာ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်တွေ မလုပ်နိုင်ခဲ့လို့ တို့ တစ်ဖက်တစ်လမ်းက

ကူညီပြီး ဖြည့်ဆည်းရတယ်၊ အဲဒီကုသိုလ်တရားသာမရှိရင် ဒါကို ဖက်တွယ်မှုမရှိခဲ့ရင် သူတို့ရဲ့ သွားရမယ့်ခရီးတွေဟာ ကြမ်းတမ်းခက်ထန်နေလို့ ဆင်းရဲအတိပါလား။ ဒါမျိုးတွေကိုလည်းပဲ တို့တွေက တတ်စွမ်းသမျှ ပံ့ပိုးကူညီ ဖြည့်ဆည်းသလို ကိုယ့်အတွက်ကိုလည်းပဲ ရအောင်ကြိုးစားမယ်ဆိုတဲ့ ကောင်းမွန်တဲ့စိတ်ထားလေးတွေနဲ့ အလှူရှင်နဲ့ အားလုံးသော သူတော်စင်တွေက ကုသိုလ်တွေပြုပြီးတော့ ကွယ်လွန်သွားတဲ့ပုဂ္ဂိုလ်တွေကို စောင့်ရှောက်ဖြည့်ဆည်းတာဟာ လုပ်သင့်တဲ့အလုပ်တွေနော်။

'မှန်လှပါဘုရား'

အဲဒါတွေကို တစ်ဖက်က လုပ်သလို တစ်ဖက်ကလည်း ကိုယ့်ရဲ့ဖခင်ကြီးရဲ့ (၈၉)နှစ်ပြည့်မွေးနေ့၊ ဒီမွေးနေ့ကိုလည်း အကြောင်းပြုပြီးတော့ ကောင်းမှုကုသိုလ်တွေ ထုံဖွဲ့ပြန်တယ်။ ကုသိုလ်တရားတွေက အားကောင်းတယ်၊ စွမ်းအားရှိတယ်။ မိမိတို့အတွက် တရားမွေ ကျင့်ကြံအားထုတ်တဲ့ (၈၇)ရက်မြောက်မှာကို ရောက်ရှိနေကြတဲ့ သူတော်စင်အပေါင်းကို ရရှိပြီးတော့ မွန်မြတ်တဲ့ ဆွမ်း ခဲဖွယ် ဘောဇဉ်တွေ၊ ညနေဖျော်ရည်တွေပါမကျန် ပြည့်ပြည့်ဝဝ လှူဒါန်းပေးကြတဲ့ အလှူရှင်အားလုံးက ကိုယ်ပြုတဲ့ကုသိုလ်တွေအပေါ်မှာ အာရုံပြုပြီး ကြည်နူးဝမ်းမြောက်ပါစေ၊ အလှူခံပုဂ္ဂိုလ်တွေ စင်ကြယ်လေ လှူရတာ တန်ဖိုးမရှိဘူးလား။

'ရှိပါတယ်ဘုရား'

ဒီနေရာမှာ ရှေးပိုင်းက သူတော်စင်များကို ပြောထားပြီးသား -

**"ကောင်းမှုအရွယ် မကြီးကျယ်လည်း စိတ်နေစိတ်ထား သဒ္ဓါအားနှင့်၊ ဉာဏ်အားသီလ ကြီးမားကြ၍၊ ဒါနအလှူခံ စင်ကြယ်ပြန်မူ၊ တစ်စေ့ညောင်လောက် ပင်ကြီးပေါက်သည်၊ နောက်နောင်ဟူဖွယ် အတုတည်း"** လို့။

ဒီလိုလည်းပဲ နောင်လာနောက်သားတွေ အတုယူပြီးတော့ ကောင်းမှုကုသိုလ်မျိုးစေ့တွေကို ကြဲချနိုင်အောင် အကျိုးပေးသန်ပုံကို ဖော်ပြထားတာ

မရှိဘူးလား။

'ရှိပါတယ်ဘုရား'

လှူလိုက်တဲ့ကောင်းမှုကုသိုလ်ဟာ သေးသေးကြီးကြီး မိမိတို့အလှူရဲ့ စွမ်းအားသတ္တိသည် လှူဖွယ်ပစ္စည်းပေါ် မူတည်တာလား၊ စေတနာပေါ် မူတည်တာလား။

'စေတနာပေါ် မူတည်တာပါဘုရား'

အဲဒီစိတ်လေးတစ်ခုပဲနော်၊ စိတ်လေးဟာ အင်မတန် အရေးကြီးတဲ့ အတွက်ကြောင့်မို့လို့ ဒီစိတ်စေတနာပင် ကိုယ့်ကို သေးသေးကြီးကြီး လှူဖွယ် ပစ္စည်းပေါ်မှာ လှူလိုက်တဲ့အနေအထားဟာ ကောင်းမှုကတော့ကွာ ကြီး ကြီးသေးသေး ဒီပေါ်မှာ အာရုံပြုဖို့ မဟုတ်ပါဘူး၊ လှူလိုက်တဲ့ပုဂ္ဂိုလ်ရဲ့ စိတ်နေစိတ်ထား အရေးမကြီးဘူးလား။

'ကြီးပါတယ်ဘုရား'

သူ့ရဲ့သန္တာန်မှာ သဒ္ဓါဆိုတဲ့စွမ်းအားလည်း မရှိရဘူးလား။

'ရှိပါရပါတယ်ဘုရား'

သဒ္ဓါတရားလည်း ရှိရအုံးမယ်၊ အဲဒီ သဒ္ဓါတရားရှိသလိုပဲ သီလ တရားတွေ၊ ပညာတရားတွေကော မလိုဘူးလား။

'လိုပါတယ်ဘုရား'

ဒါဖြင့် သဒ္ဓါ သီလ ပညာဆိုတဲ့ တရားတွေကလည်း လှူတဲ့ပုဂ္ဂိုလ် ပေါ်မှာ စွမ်းအားထပ်လောင်းပြီး ဖြည့်ဆည်းနိုင်ရင် ဒီကောင်းမှုကုသိုလ် သည် ညောင်စေ့လောက်လှူရင်ကို ညောင်ပင်ကြီးလောက် အကျိုးပေးလိမ့် မယ်။ အဲဒီလို ကိုယ်က လှူလိုက်တဲ့နေရာမှာ ဒါနကုသိုလ်ရယ်၊ အလှူခံပုဂ္ဂိုလ် ရယ်၊ ကိုယ်လှူလိုက်တဲ့ဒါနက ဒါတွေကို ဖြည့်ဆည်းနိုင်ရင် မစင်ကြယ်ဘူး လား။

'စင်ကြယ်ပါတယ်ဘုရား'

အလှူခံပုဂ္ဂိုလ်ကလည်း ခံယူတဲ့နေရာမှာ စင်စင်ကြယ်ကြယ်နဲ့ အလှူခံနိုင်ဖို့ကလည်း အရေးကြီးသေးတယ်ဆိုတော့ ယနေ့ ကိုယ်လှူခွင့်ရတဲ့ အလှူခံပုဂ္ဂိုလ်တွေကြည့်လိုက်တော့ (၈၇)ရက်တိုင်တိုင် ကြိုးစားထားတဲ့ သူတော်စင်တွေချည်းဖြစ်တဲ့အတွက် အလှူခံပုဂ္ဂိုလ်ကလည်း ပြောစရာမလို အောင် စင်ကြယ်တဲ့အပိုင်းထဲမှာ မပါဘူးလား။

'ပါပါတယ်ဘုရား'

ဒါဆိုရင် လှူလိုက်တဲ့အလှူသည် သေးငယ်ပေးမယ့် ကြီးကျယ် ခမ်းနားတဲ့အကျိုးတွေကို မလွဲမသွေ ရမယ်ဆိုတာကို နားလည်နော်။

'မှန်ပါ့ဘုရား'

ဩော် . . . ငါတို့ အားရစရာကောင်းတဲ့ ကုသိုလ်စွမ်းအားကိုတော့ ဖြည့်ဆည်းပြီးတော့ အရယူနိုင်ဖို့ ဟောဒီမှာ အခြေခံထားပြီးတော့ ပြသွား တဲ့အပေါ်မှာတော့ ပြည့်စုံအောင် ဖြည့်ဆည်းနိုင်ပြီဆိုတာ သိတဲ့အတွက် ဝမ်းမြောက်သွားပြီ။

ဒီနေရာမှာ ဒါလေးအပေါ်မှာ သတိထားပြီး ပြည့်စုံမှုအပိုင်းမှာ ဘာကြောင့်များ ဖြည့်ရသလဲ။

တစ်ချိန်မှာ ပုဏ္ဏားတစ်ယောက်က ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို လျှောက်တယ် . . .

အရှင်ဘုရား သေသွားတဲ့ပုဂ္ဂိုလ်တွေကို ကောင်းရာမွန်ရာရောက် အောင်ဆိုပြီးတော့ ပုဏ္ဏားတွေက ကျမ်းတွေနဲ့ ရွတ်အံသရဇ္ဈာယ်ကြတယ် ဘုရား၊ အဲဒီလို ရွတ်အံသရဇ္ဈာယ်ကြတဲ့အတွက်ကြောင့်မို့လို့ ရွတ်အံ သရဇ္ဈာယ်လိုက်တာနဲ့ သေသွားတဲ့ပုဂ္ဂိုလ်တွေဟာ လူ့ပြည် နတ်ပြည်တွေမှာ ရောက်ပြီးတော့ သုဂတိဘုံမှာ စံရပါတယ်ဘုရား။ သူတို့တွေရဲ့ စွမ်းအား သတ္တိက အဲဒီလို ရွတ်အံသရဇ္ဈာယ်လိုက်တာနဲ့ သေတဲ့ပုဂ္ဂိုလ်တိုင်းဟာ သုဂတိဘုံကို ရောက်ကြရတယ်၊ အပါယ်လေးပါးက လွတ်မြောက်ကြပါတယ်

ဘုရား။ မြတ်စွာဘုရား၊ မြတ်စွာဘုရားလည်းပဲ အဲဒီလို ရွတ်ဖတ်သရဇ္ဈာယ် လိုက်ရင် အခုလိုမျိုး သေသူတွေဟာ သုဂတိဘုံကို ရောက်နိုင်ပါသလား ဘုရား။ ရောက်အောင်လည်း စွမ်းဆောင်နိုင်ပါသလားဘုရားလို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို အမေးထုတ်ထားတယ်နော်။

'မှန်ပါ့ဘုရား'

ဒီတော့ တို့တွေက တရားတွေကို နာကြားထားရတဲ့အသိတွေ ရှိထား တဲ့အတွက်ကြောင့်မို့လို့ ဟောဒီ ၃၁ ဘုံထဲမှာ ဖြစ်နေကြရတဲ့ ပုဂ္ဂိုလ်တိုင်းမှာ အတိတ်အကြောင်းအရာကို ပြန်ပြောင်းကြည့်လိုက်ရင် သင်္ခါရဆိုတဲ့တရား တွေ မရှိဘူးလား။

'ရှိပါတယ်ဘုရား'

သင်္ခါရဆိုတဲ့တရားရှိတယ်၊ အဲဒီ သင်္ခါရတရားတွေမှာ ကိုယ်နဲ့ လုပ် တဲ့ ကာယသင်္ခါရ၊ နှုတ်နဲ့ပြောတဲ့ ဝစီသင်္ခါရ၊ စိတ်နဲ့လုပ်ရတဲ့ စိတ္တသင်္ခါရ၊ ဒီသင်္ခါရတွေ မရှိဘူးလား။

'ရှိပါတယ်ဘုရား'

အဲဒီ သင်္ခါရ (၃)မျိုးနဲ့ ကြိုးစားပြီးတော့မှ ရယူခဲ့ရတဲ့ ဟောဒီအပိုင်း မှာ ကိုယ်အမူအရာတွေ ကောင်းရင်ကောင်းသလို၊ နှုတ်အမူအရာတွေ ကောင်းရင်ကောင်းသလို စိတ်အမူအရာတွေ ကောင်းရင်ကောင်းသလို ကောင်းတဲ့အကျိုးပေးကို သွားတယ်နော်။

'မှန်လှပါဘုရား'

ကိုယ်အမူအရာမကောင်းဘူး၊ နှုတ်အမူအရာမကောင်းဘူး၊ စိတ် အမူအရာမကောင်းဘူး၊ မကောင်းရင်မကောင်းသလို အကျိုးပေးက လာမခံရဘူးလား။

'ခံရပါတယ်ဘုရား'

ဒါကို သူတော်စင်များက ဘုရားပွင့်တဲ့ကာလ တရားတွေနာကြ၊

ဘုရားဟောတဲ့တရားတွေက အကြောင်းနဲ့အကျိုးကို ဝေဖန်ပြထားတာ ဖြစ်တဲ့အတွက်ကြောင့် ယုံမှားသံသယမရှိလောက်အောင်ကို ယုံကြည်သက်ဝင်တဲ့ သဒ္ဓါတရားတွေအားလုံးမှာ မရှိဘူးလား။

'ရှိပါတယ်ဘုရား'

ဟောဒီ အပါယ်လေးဘုံကို ရောက်ရတာသည် ကာယကံမကောင်းခဲ့လို့၊ ဝစီကံမကောင်းခဲ့လို့၊ မနောကံမကောင်းခဲ့လို့။ အဲဒီမကောင်းခဲ့သမျှ အပါယ်လေးဘုံမှာ သွားရမှာပဲ။ ကောင်းမှုကုသိုလ်တွေကို ကာယကံလည်း ကောင်းအောင်လုပ်မယ်၊ ဝစီကံလည်း ကောင်းအောင်လုံမယ်၊ မနောကံလည်း ကောင်းအောင်လုပ်မယ်။ အဲလို ပြုမယ်၊ ပြောမယ်၊ ကြံမယ်ဆိုရင်တော့ ကောင်းတဲ့ကံက ကောင်းတဲ့အကျိုးပေး မစံရဘူးလား။

'စံရပါတယ်ဘုရား'

ဟုတ်ပြီနော်၊ အဲလိုပြုနေကြတဲ့ အပိုင်းအခြားတွေမှာ တချို့လည်းပဲ အခုလို တရားတွေနာတယ်၊ ကောင်းမှုကုသိုလ်တွေလုပ်တယ်၊ အလှူအတန်းတွေပြုတယ်၊ ဒီလို ကောင်းမှုကုသိုလ်တွေပြုနေတဲ့ကြားထဲက မကောင်းတဲ့အကျိုးပေးတွေက ခံရာတာတွေရှိတယ်နော်။

'မှန်လှပါဘုရား'

မကောင်းတဲ့အကုသိုလ်တွေကိုလုပ်ပြီးတော့မှ ကောင်းကျိုးပေးတဲ့ ပုဂ္ဂိုလ်တွေကော မရှိဘူးလား။

'ရှိပါတယ်ဘုရား'

အဲဒီအပေါ်မှာ အာရုံလေးပြုပြီးတော့ အခုပြောပြခဲ့တဲ့ကံနဲ့ အကျိုးပေးပေါ်မှာ လွဲမှား ယုံမှားမှုတွေ ဖြစ်တတ်တယ်၊ ကောင်းတာလုပ်မှ ကောင်းကျိုးရမှာကိုး။

'မှန်လှပါဘုရား'

မကောင်းတာလုပ်ရင် မကောင်းကျိုးက ခံရမှာ၊ ယနေ့ အကုသိုလ်နဲ့ အသက်မွေးပြီး ကြီးပွားချမ်းသာကြတဲ့ပုဂ္ဂိုလ်တွေ အများကြီးပဲနော်။

'မှန်လှပါဘုရား'

ကုသိုလ်အရေးကို တကယ့် ကိုယ်ရောစိတ်ရောနှစ်ပြီးလုပ်တဲ့ပုဂ္ဂိုလ်တွေ တစ်ချို့မွဲတာတွေ အများကြီးပဲ။ တကယ့်ကိုပဲ ဆင်းဆင်းရဲရဲ နုံနုံခြာခြာ နေရပြီးတော့ စိတ်ဆင်းရဲသောကမျိုးစုံ ကြုံရတဲ့ပုဂ္ဂိုလ်တွေ မရှိဘူးလား မေးရင် . . .

'ရှိပါတယ်ဘုရား'

အဲဒါဆိုရင် ကောင်းတာလုပ်ရင် ကောင်းကျိုးပေးမယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးပေးတယ်ဆိုတဲ့အမြင် ဟောပေးတဲ့တရား၊ ဒီပေါ်မှာ ဒါလေးကိုကွက်ပြီး တစ်ချက်လေးကြည့်ပြီးတော့ ဆုံးဖြတ်လိုက်မယ်ဆိုရင် အလွဲကြီးလွဲသွားလိမ့်မယ်နော်။

'မှန်လှပါဘုရား'

မိမိတို့မှာ အတိတ်တုန်းကလုပ်ခဲ့တဲ့ ကံတရားတွေကော မရှိဘူးလား မေးရင် . . .

'ရှိပါတယ်ဘုရား'

အကုသိုလ်ကံတွေလည်း ရှိမယ်၊ ကုသိုလ်ကံတွေလည်းရှိမယ်၊ အဲဒီလို ကံတွေက အကျိုးပေးဖို့အချိန်ကျရောက်လာပြီဆိုရင် ဘယ်သူမှ သွားပြီး ရှောင်လွဲလို့မရအောင်ကို စံစရာရှိစံ၊ ခံစရာရှိခံ ဒါက ကံရဲ့အကျိုးပေးနော်။

'မှန်လှပါဘုရား'

အဲဒီကံရဲ့အကျိုးပေးကို ကိုယ်က ကောင်းတာလုပ်ပြီးတော့မှ ကိုယ်လုပ်ခဲ့တဲ့ အကုသိုလ်ကံကလည်း အကျိုးပေးဖို့အချိန်ကတန်တဲ့အချိန်အခါမှာ ဆင်းရဲဒုက္ခတော့ ကြုံမှာပဲနော်။

'မှန်လှပါဘုရား'

ငါဒီလောက်ကုသိုလ်လုပ်ပါရဲ့သားနဲ့ ဒီလိုဆင်းရဲဒုက္ခကြုံရ ကောင်းလားဆိုပြီးတော့ ကံနဲ့အကျိုးပေးပေါ်မှာ ပစ်လိုက်မယ်ဆိုရင် မိစ္ဆာဒိဋ္ဌိအယူဖြစ်သွားနိုင်ပါတယ်။

'မှန်လှပါဘုရား'

အဲဒီလို ဖြစ်သွားရင် ဒီပုဂ္ဂိုလ် သုံးမရအောင်ကို သာသနာတွင်းနဲ့ ဆုံနေတဲ့ဘဝကြီးရှုံးသွားနိုင်တဲ့အနေအထား မရောက်နိုင်ဘူးလား။

'ရောက်နိုင်ပါတယ်ဘုရား'

ဒါလေးကို အာရုံပြုပြီး ငါသည် ကောင်းတာလုပ်ပေမယ့် မကောင်းတာ ခံရတာ ငါ အတိတ်ကလုပ်ခဲ့တဲ့တရားတွေ ငါ့မှာ အကျိုးပေးဖို့ အခွင့်သာနေပြီ၊ အဲလို အခွင့်သာလို့ အခုလိုခံရတာပဲ၊ ဒီ့ထက် ငါကောင်းအောင် ထပ်ကြိုးစားမယ်လို့ နှလုံးသွင်းမှန်တဲ့ပုဂ္ဂိုလ်ကျတော့ လမ်းလွဲစရာအကြောင်း ရှိသလား။

'မရှိပါဘူးဘုရား'

မကောင်းတဲ့အကုသိုလ်ကိုလုပ်ပြီးတော့ ကြီးပွားနေတဲ့ပုဂ္ဂိုလ်တွေ လည်း အတိတ်က ကိုယ်လုပ်ခဲ့တဲ့ကောင်းကံက အကျိုးပေးခွင့် ကြုံနေသေးလို့နော်။

'မှန်ပါ့ဘုရား'

အကုသိုလ်လုပ်လို့ မကောင်းတာကိုလုပ်ရင် မကောင်းတာခံရမှာက သေချာပါတယ်။ သူများအသက်ကို သတ်ဖြတ်ပြီး ရှာဖွေနေရင် ဒီအတိုင်း ပြန်ခံရမှာလည်း မလွဲပါဘူး။ သို့သော်လည်းပဲ ကြီးပွားချမ်းသာနေတာက ပစ္စုပ္ပန်လုပ်နေတဲ့ကံ မဟုတ်သေးဘူးနော်။

'မှန်လှပါဘုရား'

အတိတ်ကလုပ်ခဲ့တဲ့ကံရဲ့အရိပ်ကို စံနေရတဲ့အနေအထားမှာ ကိုယ့်ရဲ့အကျိုးပေးက မကုန်သေးလို့ အခုလို အကျိုးပေးနေတာလေးကို ဟန်ကျ

တယ် မထင်ပါနဲ့။

'မှန်ပါ့ဘုရား'

တကယ်လို့များ ကိုယ်က ပစ္စုပ္ပန်မှာလည်း ကောင်းကံလုပ်မယ်၊ အတိတ်ကလည်း ကောင်းကံကရှိတယ်၊ နှစ်မျိုးပေါင်းလိုက်ရင်တော့ အထူးအားကောင်းတာပေါ့။

'မှန်လှပါဘုရား'

အတိတ်ကလည်း အကုသိုလ်ကြီးတယ်၊ ပစ္စုပ္ပန်မှာလည်း အကုသိုလ်တွေရှိမယ်ဆိုရင် ဒီပုဂ္ဂိုလ် သုံးမရတော့ဘူးနော်။

'မှန်လှပါဘုရား'

အဲလိုလည်း နားလည်ရမယ် ဟုတ်လား။

'မှန်ပါ့ဘုရား'

ဒီလို နားလည်မယ်ဆိုရင် ခုနတုန်းက ပုဏ္ဏားကလျှောက်တယ်၊ အရှင်ဘုရား ပုဏ္ဏားတွေက သေသွားတဲ့ပုဂ္ဂိုလ်တွေကို ဝိုင်းရွတ်ဖတ်သရဇ္ဈာယ်ကြတယ်၊ အဲဒီကျရင် ကောင်းကင်ဘုံရောက်ကြတယ်၊ ကောင်းတဲ့ဘုံဌာန ရောက်တယ်၊ အပါယ်လေးဘုံကို မကျပါ၊ အရှင်ဘုရားတို့လည်း အဲလို ရွတ်ဖတ်သရဇ္ဈာယ်လိုက်ရင် သေသူသည် ကောင်းတဲ့ဘုံကိုရောက်ပြီးတော့ မကောင်းတဲ့ အပါယ်(၄)ဘုံက လွတ်နိုင်အောင်လို့ စွမ်းနိုင်ပါသလားလို့ လာမေးတာနော်။

'မှန်လှပါဘုရား'

အဲတော့ လာမေးတဲ့အတွက်ကြောင့် ယနေ့ သူတော်စင်များက ယောဒီ ကောင်းတဲ့အကျိုးကို ခံရတာလည်းပဲ တစ်ဦးတစ်ယောက်ရဲ့ ပယောဂ မပါတာက ကောင်းတဲ့အမူအရာ၊ ကောင်းတဲ့အပြော၊ ကောင်းတဲ့အကြံ ဒါပဲ ရှိတယ်နော်။

'မှန်လှပါဘုရား'

အပါယ်ကိုကျတာလည်း မိမိတို့ကို တစ်ဦးတစ်ယောက်က စိတ်ဆိုးပြီး ပို့တာလည်း မဟုတ်ဘူးနော်။

'မှန်လှပါဘုရား'

ကိုယ်အမူအရာမကောင်းရင်၊ နှုတ်အမူအရာမကောင်းရင်၊ စိတ်အမူအရာမကောင်းရင် မကောင်းတဲ့ကံ ခံရမှာပဲ။ ဒါကိုသာ နားလည်မယ်ဆိုရင်တော့ ရတနာသုံးပါးပေါ်မှာ သက်ဝင်ယုံကြည်တဲ့ သရဏဂုံတည်တဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။

'မှန်လှပါဘုရား'

မိမိတို့ ဘုရားမှတစ်ပါး၊ တရားမှတစ်ပါး၊ သံဃာမှတစ်ပါး ယုံကြည်ကိုးကွယ်မှုမရှိဘူးဆိုတာကို သက်ဝင်ယုံကြည်တဲ့သဒ္ဓါတရားလေး ကိုယ့်သန္တာန်မှာ ကိန်းမှဖြစ်မယ်နော်။

'မှန်လှပါဘုရား'

အခု ဘုရားကပွင့်လာလို့ ဒါလေးတွေကို ဟောပေးတယ်၊ ဒီအကြောင်းကံရှိရင် ဒီအကျိုးပေးကတော့ စံစရာရှိစံ၊ ခံစရာရှိခံ၊ ဘယ်သူတစ်ဦးတစ်ယောက်မှ လုပ်ပေးတာ မပါဘူးဆိုတာလေးကို ဉာဏ်သက်ဝင်တဲ့ ပုဂ္ဂိုလ် ခုနမေးတဲ့ပုဏ္ဏားရဲ့အမေးမျိုးကို ဘယ်တော့မှ လက်ခံမှာမဟုတ်ပါဘူးနော်၊ မှန်ရဲ့လား။

'မှန်ပါတယ်ဘုရား'

ဒါဖြင့် တစ်နေ့တစ်နေ့ မိမိတို့လုပ်နေတဲ့ အလုပ်တွေမှာ အခုလို ဒါနကုသိုလ်တွေကို စွမ်းနိုင်သမျှ အားရပါးရပြုကြတယ်၊ တစ်နေ့တာ ဆွမ်းအာဟာရတွေ လှူဒါန်းကြတယ်၊ တရားဓမ္မ အားထုတ်ကြတဲ့ ယောဂီသူတော်စင်များအတွက် ကျကျနနနဲ့ အေးအေးချမ်းချမ်း အားထုတ်နိုင်အောင် ကိုယ်ရှာထားဖွေထားတဲ့ ဥစ္စာပစ္စည်းအရင်းတည်ပြီး သိန်း(၅၀) အကုန်အကျခံပြီးတော့လည်း အဆောင်အခန်းကို လှူဒါန်းကြ၊ လိုအပ်နေတဲ့

ပစ္စုပ္ပန်ကံကလည်း . . .

'ကောင်းပါတယ်ဘုရား'

အတိတ်၊ ပစ္စုပ္ပန် နှစ်ကံအားကောင်းလိုက်ရင် ယခုလို အနေအထား ကို သေချာပေါက် တွေ့ရပါတယ်။

ဩော်. . . ငါတို့တစ်တွေသည် အခုအချိန်အခါမှာ (၈၉)နှစ်ပြည့် ရောက်လာသော်လည်း မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေပါ၊ တစ်ချို့ ကျတော့လည်းပဲ အဲဒီအသက်အရွယ်ကျတော့ မျက်လုံးလည်းမကောင်းဘူး၊ နားလည်းမကောင်းဘူး၊ သွားဖို့လာဖို့တောင်မှ အထိုင်အထမကောင်းတော့ ဘူး၊ အဝေးသွားဖို့ မလွယ်တော့ဘူး။ ယခုတော့ ကိုယ့်အလှူကို ကိုယ်တိုင် ကိုယ်ကျ လာရောက်ဆင်နွှဲနိုင်တာကိုက အားကျစရာပါ။

'မှန်လှပါဘုရား'

အဲဒါ ဘာကောင်းလို့လဲမေးရင် ကံကောင်းလို့။ ကံဆိုတာက အလုပ် နော်၊ မလုပ်ရင်တော့ ရပ့်မလား။

'မရပါဘူးဘုရား'

ကိုယ်နဲ့လုပ်ရတဲ့အလုပ်၊ နှုတ်နဲ့ပြောရတဲ့အလုပ်၊ စိတ်နဲ့ကြံရတဲ့အလုပ် မှာ သူသည် အပြစ်ကင်းအောင်ကို အတိတ်ကလည်း စောင့်ရှောက်ခဲ့တယ်၊ ယနေ့ ပစ္စုပ္ပန်မှာလည်း သားသမီးတွေကလည်း ပံ့ပိုးပြီး မိဘကိုကျွေးမွေးဆပ် ကြတယ်။ မိဘကိုယ်တိုင်ကလည်း အသိတရားတွေကိန်းပြီး သတိထား ဆင် ခြင်ပြီးတော့ ကြိုးစားတဲ့အတွက်ကြောင့် ယနေ့အသက်အရွယ်ရောက်သည့် တိုင်အောင် သွားနိုင်လာနိုင် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ကုသိုလ် အရေးတွေကို အားတက်သရောလုပ်နိုင်တာကိုက အားကျစရာပါ။

'မှန်လှပါဘုရား'

တို့တွေအားလုံး အဲဒီလောက်ထိနေရဖို့လည်းပဲ မလွယ်ဘူးနော်။

'မှန်လှပါဘုရား'

ရပြန်တော့လည်းပဲ အဲလို အခြေအနေမျိုးရောက်ဖို့ မလွယ်ဘူးနော်။

'မလွယ်ပါဘူးဘုရား'

ကိုယ့်အတိတ်ကံ ဘယ်လိုရှိမှန်းမှ မသိပဲကိုး။ ပစ္စုပ္ပန် အားကောင်းအောင်လုပ်ပေမယ့် အတိတ်က လုပ်ခဲ့တဲ့ကံတွေ ရှိခဲ့မယ်ဆိုရင် အဲဒီကံများ ညံ့ခဲ့ရင် ခံရမှာ မသက်သာပါဘူး။

'မှန်လှပါဘုရား'

ဘာဖြစ်လို့လဲမေးရင် ရှင်မဟာမောဂ္ဂလန်တို့ကို အာရုံပြုပေါ့နော်။

'မှန်လှပါဘုရား'

ပြုခဲ့တဲ့အတိတ်ကံကြီးရှိလို့ ပစ္စုပ္ပန်မှာ ရဟန္တာဖြစ်နေတဲ့စွမ်းအားသတ္တိရှိတာတောင်မှ ခိုးသားငါးရာက ခေ့ခေ့ညက်ညက်ရိုက်လို့တောင် သေပွဲဝင်ခဲ့တဲ့အဖြစ်တွေကို ပြန်ကြည့်ပေါ့။

'မှန်လှပါဘုရား'

ဒါဖြင့် ကိုယ်လုပ်ခဲ့တဲ့ကံ မြင်ရပ့ါမလား။

'မမြင်ရပါဘူးဘုရား'

အခုလို အရွယ်လေးကလည်း အသက်ကြီးပြီးမှ သန်သန်မာမာနဲ့ ကုသိုလ်ရေးမှာ အားတက်သရော သက်ဆုံးတိုင်လုပ်သွားနိုင်ဖို့ဆိုတာ အတိတ်ကကံလည်း ကိုယ့်မှာ ဖြည့်ခဲ့အုံးမှ၊ ပစ္စုပ္ပန်ကံအားကလည်း ကောင်းအုံးမှ။

ကံဆိုတာ တစ်ပါးတခြားမဟုတ်ဘူး၊ ကိုယ်နဲ့ပြုတဲ့အလုပ်၊ နှုတ်နဲ့ပြောတဲ့အလုပ်၊ စိတ်နဲ့ကြံတဲ့အလုပ်၊ ဘယ်နှစ်လုပ်လဲဟေ့။

'သုံးလုပ်ပါဘုရား'

ဟောဒီရက်(၁၀၀)စခန်းမှာမိမိတို့ အာရုံပြုကြည့် ကိုယ်ကိုတိုင်က တရားစခန်းတွေကိုဝင်ပြီး ကျင့်ကြံကြိုးစား အားထုတ်တဲ့အတွက် တစ်နေ့

တစ်နေ့မှာ တရားတွေနာတယ်၊ တရားတွေ နှလုံးသွင်း၊ တရားတွေအားထုတ်တယ်။ အလှူရှင်တွေကို မေတ္တာပို့တယ်၊ အဆောင်ရောက်တော့လည်း အေးအေးချမ်းချမ်းနဲ့ အားထုတ်နိုင်အောင် အဆောင်တွေကို လှူထားကြတဲ့ အလှူရှင်တွေကို ကျမ်းမာပါစေ ချမ်းသာပါစေလို့ တစ်နေ့တစ်နေ့ ဝစီကံ ကုသိုလ်တွေ မတိုးဘူးလား။

'တိုးပါတယ်ဘုရား'

နေ့စဉ်ယူတတ်ရင်ရတယ်နော်။

'မှန်ပါဘုရား'

အဲဒီ ကိုယ်အမူအရာလေးတွေကို ပြုပြင်မယ် နှုတ်အမူအရာလေးတွေကို ပြောင်းလဲအောင် ကြိုးစားမယ်၊ ဒီအချိန်အခါမှာ ကိုယ့်စိတ်လေးတွေကို ပြန်ကြည့် အဲဒီစိတ်လေးမှာလည်း ညစ်နွမ်းမှု ရှိအုံးမလား။

'မရှိပါဘူးဘုရား'

ဒီစိတ်သည် တန်ဖိုးရှိတဲ့စိတ် ဖြစ်သွားပြီနော်

'မှန်ပါဘုရား'

တစ်ရက်ထဲမဟုတ်ဘူး၊ ရက် (၁၀၀) မှာ ၈၉ ရက်တောင် ရောက်လာခဲ့တဲ့အတွက် စိတ်စွမ်းအားလည်း မြင့်ပါစေ။ ယနေ့အလှူရှင်က အဲလို စိတ်တွေကို စွမ်းအားမြင့်အောင် ကြိုးစားကြိုးစားပြီးတော့ (၈၇) ရက်တိုင်တိုင် ဒကာမကြီး ဒေါ်ခင်ချိုချိုဆိုလဲပဲ တရားမွေတွေဝင်ပြီးတော့ ကောင်းမှုမျိုးစေ့တွေ ကြဲချပြီး စိုက်ပျိုးလှူဒါန်းလိုက်တယ်။ အဲဒါကြောင့် တို့ရဲ့စိတ်လေးကို တန်ဖိုးရှိအောင် လုပ်ထားနိုင်ရင် အဖိုးတန်လား၊ မတန်ဘူးလား။

'တန်ပါတယ်ဘုရား'

အဲလို တန်ဖိုးရှိတဲ့စိတ်လေးနဲ့ ရထားရင်တော့ ဘယ်အချိန်သေသေ အဲဒီပုဂ္ဂိုလ်အတွက်ကတော့ ခုနတုန်းက သေသူကို လာပြီးတော့မှ ရွတ်ဖတ်

သရဏဂုဏ်ခြင်းကို မပြုသော်လည်း ကောင်းမှုကုသိုလ်ရဲ့ စွမ်းအားက အပါယ်ကို ချပါ့မလား။

'မချပါဘူးဘုရား'

စိတ်တန်ဖိုးရှိရင် မချဘူးနော်။

'မှန်လှပါဘုရား'

စိတ်က တန်ဖိုးမရှိဘူးဆိုရင် ဘယ်လောက်ပဲရွတ်ရွတ် ရပါ့မလား။

'မရပါဘူးဘုရား'

အဲဒါလေးကို သိစေချင်လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒီပုဏ္ဏား လာလျှောက်တာတွေကို ပုဏ္ဏားကို အသင်ပုဏ္ဏား။ သင်သည် တစ်ခုလောက် အာရုံပြုကြည့်ပါ၊ ကျောက်ခဲလေးတစ်လုံးကို အောက်ကိုပစ်ချလိုက်၊ အဲလို ပစ်ချလိုက်ရင် ဟောဒီရေထဲမှာ စုန်းစုန်းမြုပ်မသွားဘူးလား။

'မြုတ်သွားပါတယ်ဘုရား'

ကျောက်တုံးကြီးပစ်ချလည်း . . .

'မြုတ်သွားပါတယ်ဘုရား'

ကျောက်တုံးအလယ်အလတ်ပစ်ချလည်း . . .

'မြုပ်သွားပါတယ်ဘုရား'

သေးငယ်တဲ့ကျောက်တုံးလေးပစ်ချလည်း . . .

'မြုပ်သွားပါတယ်ဘုရား'

ပေါ်စရာအကြောင်းရှိလား

'မရှိပါဘူးဘုရား'

ဒါဆို တို့တွေအားလုံးက ကိုယ်အမူအရာက ကြီးကြီးကျယ်ကျယ် မကောင်းလည်း မကောင်းတဲ့အလျောက် ခံရမယ်၊ အလယ်အလတ် မကောင်းလည်းပဲ မကောင်းတဲ့အလျောက် ခံရမယ်၊ သေးငယ်တဲ့အပြစ်ရှိ

တဲ့အလုပ်ကို လုပ်လည်းပဲ ခံရပါမယ်ဘုရား။ ဒါဆိုရင် မကောင်းတဲ့တရားတွေ မှန်သမျှ ခံရမယ့်အပိုင်းချည်းပဲ။

'မှန်ပါ့ဘုရား'

ကိုယ်နဲ့ပြုပြု၊ နှုတ်နဲ့ပြောပြော၊ စိတ်နဲ့ကြံကြံ သေးငယ်တဲ့အကုသိုလ် လေး ဖြစ်ပါစေ၊ သေးငယ်တဲ့ကျောက်တုံးလေး ရေထဲချသလို စုန်းစုန်းမြုပ် သွားသလိုပဲ အနည်းငယ်မျှ အကုသိုလ်လေးရှိရင်လည်းပဲ ဒီအကုသိုလ်က အပါယ်ကို ဆွဲခေါ်မှာပဲ၊ ဘယ်သူမှသွားပြီး အဲဒီအကုသိုလ်ရှိတဲ့ပုဂ္ဂိုလ်ကို ကြိုက်သလောက် ရွတ်ဖတ်သရဇ္ဈာယ် အပေါ်ကိုတက်ပါ့မလား။

'မတက်ပါဘူးဘုရား'

သေသွားပြီလေ၊ သူသေသွားတဲ့အချိန်ကို ကြည့်လိုက်၊ သူသည် အကုသိုလ်တွေနဲ့ ထုံမွမ်းသွားပြီး သူသည် ကာယကံလည်း မကောင်းခဲ့ဘူး၊ ဝစီကံလည်း မကောင်းခဲ့ဘူး၊ မနောကံလည်း မကောင်းခဲ့ဘူး၊ ကံဆိုတာ တခြားလား အလုပ်လား။

'အလုပ်ပါဘုရား'

ဒီလိုဆိုရင် အလုပ်မကောင်းရင် ကံမကောင်းပါဘူး၊ ကံမကောင်းရင် ဘယ်သူမှ ကယ်လို့မရဘူး၊ အလုပ်ကောင်းမှ ကံကောင်းမှာ။

'မှန်လှပါဘုရား'

ဒါကြောင့်မို့လို့ . . .

**(အလုပ်ကောင်းမှ ကံကောင်းရ၊ လုပ်ကြကောင်းအောင်သာ)**[၄]

ဒါဖြင့်ရင် တိုက်တွန်းတဲ့စကားပေါ့နော်။

'မှန်လှပါဘုရား'

မိမိတို့တစ်တွေသည် ကံကောင်းချင်ရင် အလုပ်ကောင်းရမယ်၊ အလုပ် ကောင်းမှ ကံကောင်းမှာလေ၊ အလုပ်မကောင်းရင် ကံမကောင်းဘူး။

'မှန်လှပါဘုရား'

အဲဒီကံမကောင်းတဲ့ပုဂ္ဂိုလ် စိတ်လည်း တန်ဖိုးမရှိတော့ဘူး၊ စိတ်မှာ တန်ဖိုးမရှိရင် အဲဒီစိတ်က အကုသိုလ်စိတ်လေး တစ်စိတ်ဖြစ်တာနဲ့ ဒီစိတ် သည်ပင်လျှင် ဘယ်လောက်ပဲ ဆွဲတင်ချင်ဆွဲတင်ချင် မရတော့ဘူး၊ အကုသိုလ်စိတ်လေး တစ်စိတ်ဖြစ်ပြီး သေသွားတဲ့ပုဂ္ဂိုလ် ဘယ်ရောက် မလဲဟေ့။

'အပါယ်လေးဘုံပါဘုရား'

အဲဒီအပါယ်လေးဘုံ ရောက်သွားတဲ့ ဒီစိတ်ကြောင့် မြုတ်သွားတဲ့ အတုံးကြီးကို ကိုယ်ကနေပြီးတော့မှ ပေါ်ပါတော့လား၊ ထပါတော့လား၊ တက်ပါတော့လား ကြိုက်သလောက်ပြော ရမလားဟေ့။

'မရပါဘူးဘုရား'

ဘာဖြစ်လို့လဲမေးတော့ သေပေါက်သေဝ သေကာနီးမှာ အကုသိုလ် စိတ်နဲ့ သေသွားတာကိုး။ ကာယကံအပြုမကောင်း၊ ဝစီကံအပြောမကောင်း၊ မနောကံ အကြံကလည်းမကောင်း၊ ဒီမကောင်းတဲ့တရားနဲ့ ထုံဖွဲ့ထားတဲ့ ဒီစိတ် ဘယ်တော့မှ မကောင်းပါဘူး။ အဲဒီစိတ်နဲ့သေသွားတဲ့ပုဂ္ဂိုလ်သည် အပါယ်ကျသွားမှတော့ သွားပြီ၊ သရဏဂုံတင်ပေးလည်း ရပ့ါမလားဟေ့။

'မရပါဘူးဘုရား'

လွတ်မြောက်အောင်လို့ ကျမ်းအစောင်စောင် ပရိတ်တွေမျိုးစုံနဲ့ သွားပြီး ချီးမြှောက်ရင် ရမလားဟေ့။

'မရပါဘူးဘုရား'

ရစရာအကြောင်းကိုမရှိဘူးတဲ့နော်။ အဲဒီလို အကြောင်းက ဘာကြောင့်မရတာလဲမေးရင် သူ့ရဲ့သန္တာန်မှာ မကောင်းတဲ့အပြုအမူတွေ၊ မကောင်းတဲ့အပြော၊ မကောင်းတဲ့အကြံတွေ၊ မကောင်းတဲ့ကံတွေ လုပ်သွား လို့နော်။

'မှန်လှပါဘုရား'

အဲဒီစိတ်လေးက အလွန်ကို စင်ကြယ်တော့ ကိုယ်ပြုလိုက်တဲ့ကံ မှန်သမျှ ကောင်းသွားပြီ၊ အဲလို ကောင်းသွားရင် အဲဒီပုဂ္ဂိုလ်ရဲ့အပြုအမူ လည်း ကောင်းသွားတဲ့အတွက်ကြောင့်မို့လို့ ဘုရားက ဒီလိုပုဂ္ဂိုလ်မျိုးကျတော့ အလွန်ကို ဆီတွေ ထောပတ်တွေထည့်တဲ့အိုးကြီးကိုယူပြီး ရေလယ်ခေါင် ထဲဆင်းသွား၊ ရေအောက်ကြမ်းပြင်ရောက်တဲ့အခါ အဲဒါကြီးကို ခွဲချလိုက်၊ အဲလို ခွဲချလိုက်တဲ့အခါမှာ တားမရ ဆီးမရ အပေါ်ကိုလွင့်ပြီးတက်လာမှာ တခြားလာ ထောပတ်ဆီတွေလား။

'ထောပတ်ဆီပါဘုရား'

အိုးကြီး ကြီးရင်လည်း ကြီးသလောက် အဲဒီထောပတ်ဆီတွေ တက် လာမှာပဲနော်။

'မှန်လှပါဘုရား'

ကိုယ်က ဆီလေးတစ်ပေါက် ပစ်ချလိုက်ရင် အောက်မြုတ်မလားဟေ့။

'မမြုတ်ပါဘူးဘုရား'

သေးလည်း မမြုတ်ဘူး၊ ကြီးလည်း . . .

'မမြုတ်ပါဘူးဘုရား'

ကုသိုလ်သေးသေးလေးပဲ လုပ်ပစေ၊ အဲဒီသေးသေးလေးသည်ပင် ကိုယ့်ကို စွမ်းဆောင်နိုင်တာက ဟောဒီကုသိုလ်စိတ်လေးတစ်စိတ်နဲ့ ဖျတ်ဆို သေ အပါယ်ကိုကျလား။

'မကျပါဘူးဘုရား'

ဆီလေးတစ်ပေါက်ကို ရေပေါ်မှာပစ်ချလိုက်၊ အဲဒီဆီလေးတစ်ပေါက် ရေပေါ်မှာတင်နေသလို ကုသိုလ်စိတ်လေးတစ်စိတ်နဲ့ ဖျတ်ကနဲသေ မြုပ်စရာ အကြောင်း ရှိသေးလား။

'မရှိပါဘူးဘုရား'

ဒါဖြင့် ့တို့လုပ်တဲ့ကုသိုလ်ကံတွေဟာ အတော့်ကို အားကိုးရပါလား ဆိုတာ မှန်သွားပြီနော်။

'မှန်လှပါဘုရား'

အဲဒီဆီတစ်ပေါက်လေးကို ဖြစ်နေတဲ့ကုသိုလ်စိတ်လေးနဲ့ သေသွားတဲ့ ပုဂ္ဂိုလ်ကို မင်းကွာ အပါယ်ကိုသွားစမ်းပါ သွားစမ်းပါ တွန်းချ ရလားဟေ့။

'မရပါဘူးဘုရား'

စဉ်းစားနော်၊ ကိုယ့်သန္တာန်မှာ စိတ်လေးက တန်ဖိုးရှိဖို့ အရေးကြီး တယ်၊ အာရုံလေးပြကြည့်၊ လူသန်းပေါင်းများစွာကိုသတ်ခဲ့တဲ့ 'တမ္ဗဒါရိက' ဆိုတဲ့ လူသတ်သမားကြီး အကုသိုလ်တွေနင့်နေအောင် မရှိဘူးလား၊ ရှိလား။

'ရှိပါတယ်ဘုရား'

အရေးကြီးတာက သေကာနီး အရေးကြီးတယ်နော်။

'မှန်ပါ့ဘုရား'

ကိုယ်အမူအရာလည်း မကောင်းဘူး၊ နှုတ်အမူအရာလည်း မကောင်း ဘူး၊ စိတ်အမူအရာလည်း မကောင်းခဲ့ဘူး။ မကောင်းခဲ့တဲ့ဒီပုဂ္ဂိုလ်ကြီး ပင်စင်လေးယူပြီးတော့မှ စားဖွယ်သောက်ဖွယ်တွေကိုစားဖို့ စီစဉ်နေတဲ့ အချိန် ရှင်သာရိပုတ္တရာကြီးရောက်ပြီး ချီးမြှောက်လို့ တရားကိုပေးနာ၊ ပထမ အကုသိုလ်တွေကြီးစိုးလွှမ်းအားကြီးတော့ ဒီစိတ်က ယောက်ယက်ခတ်နေပြီး အပြစ်မကင်းတော့ ကိုယ်အမူအရာကလည်း ဟိုလှုပ် ဒီလှုပ်နဲ့ အမူအရာက လည်း သူ့သန္တာန် အာရုံလေးပြုပြီးတော့မှ တရားနာလို့မရဘူးဆိုပြီး ခေါင်း တခါခါနဲ့ ဖြစ်နေသလို စိတ်ထဲမှာ ယောက်ယက်ခတ်နေတာက သတ်ခဲ့ဖူး တဲ့အာရုံကြောင့် တုန်လှုပ်ခြောက်ခြားပြီးတော့ တရားကောင်းကောင်းနာလို့ ရလား။

'မရပါဘူးဘုရား'

အဲလို ပေါ်စေတဲ့တရား မြုတ်စေတဲ့တရားက သူ့သန္တာန်မှာ နှစ်ခု ကိန်းပေမယ့် ပြိုင်မပေါ်ဘူးနော်။

'မှန်လှပါဘုရား'

အကုသိုလ်ကော မလုပ်ဘူးလားမေးရင် . . .

'လုပ်ပါတယ်ဘုရား'

အခု သူလုပ်ခဲ့တဲ့ အကုသိုလ်က နည်းတာမှမဟုတ်တာပဲနော်၊ အခု အကုသိုလ်စိတ်လေးတစ်စိတ်က သူ့သန္တာန်မှာ ကယ်တင်နိုင်အောင် စွမ်း အားပြည့်သွားတော့ သေတဲ့အချိန်မှာ အဲဒီစိတ်လေးနဲ့ ဖျတ်ခနဲသေ အပါယ် က လွတ်မသွားဘူးလား။

'လွတ်သွားပါတယ်ဘုရား'

ရေပေါ်မှာ အရင်ဆုံးပစ်ချလိုက်တဲ့နေရာလေးမှာ ဆီတစ်ပေါက် ကျသွားတာပဲ၊ အဲဒီဆီတစ်ပေါက်လေး ကျသွားတာ မြုပ်သလား။

'မမြုပ်ပါဘူးဘုရား'

ကျောက်ခဲနဲ့တူတဲ့ အကုသိုလ်သာ အရင်ဆုံး လက်ဦးသွားရင် မြုပ် သွားမှာပေါ့။

'မှန်လှပါဘုရား'

ဒါကတော့ ဝိပဿနာဉာဏ်အရာမို့လို့ ထက်မြက်တဲ့အသိမို့လို့ အပါယ်ကိုမကျနိုင်တာကတော့ တစ်ချက်မြင်ရင် သေချာတာပေါ့နော်။

'မှန်လှပါဘုရား'

တကယ်လို့ ဆီပေါက်ပမာဏရှိတဲ့ ခုနတုန်းက ဝိပဿနာဉာဏ်ဆိုတာ

၂၈ တန်ဖိုးရှိတဲ့စိတ်ဖြစ်အောင်လုပ်ပါ

ဒါဖြင့်ရင် ဆီပေါက်ပမာဏရှိတဲ့ သေးငယ်တဲ့ကုသိုလ် ဖြစ်ပါစေ၊ အဲဒီစိတ်လေးက ဖျတ်ဆို နေရာယူသွားလိုက်ရင် ရေပေါ်တင်လိုက်တဲ့ဆီလေးဟာ အောက်ကိုမမြုပ်သလို အထက်အထက်ကို ဆန်သွားတာပဲ။

'မှန်လှပါဘုရား'

သူလုပ်ခဲ့တဲ့အကုသိုလ်က အကျိုးပေးရင် မမြုတ်ဘူးလား၊ မြုပ်အုံးမှာလား။

'မြုပ်မှာပါဘုရား'

ဒုက္ခဆင်းရဲ ခံရမှာက တစ်ပိုင်းနော် . . .။

'မှန်လှပါဘုရား'

အရေးကြီးတာက တို့လုပ်ခဲ့တဲ့ကုသိုလ်နဲ့ အကုသိုလ်၊ ဒီကုသိုလ်နဲ့ အကုသိုလ်ဆိုတဲ့အရာဟာ အားလုံးရဲ့သန္တာန်မှာ တည်နေပေမယ့် သေကာနီးလေးမှာ အဲဒီစိတ်နှစ်စိတ်က ပြိုင်မပေါ်ဘူးနော်။

'မှန်လှပါဘုရား'

အကုသိုလ်စိတ်ပေါ်ရင် ကုသိုလ်စိတ် မပေါ်ဘူး၊ အကုသိုလ်စိတ်ဆိုရင် တန်ဖိုးမရှိတဲ့စိတ်၊ ကုသိုလ်စိတ်ဆိုရင် တန်ဖိုးရှိတဲ့စိတ်၊ အဲဒီ တန်ဖိုးရှိတဲ့စိတ်လေးရအောင် ကြိုးစားရမှာပဲ။

'မှန်လှပါဘုရား'

စိတ်နှစ်စိတ်က ပြိုင်မပေါ်တဲ့အတွက်ကြောင့် ကုသိုလ်စိတ်က လက်ဦးသွားရင် ကုသိုလ်အကျိုးပေးပဲ။ အကုသိုလ်စိတ်လေးက လက်ဦးသွားရင် အကုသိုလ်ရဲ့အကျိုးပေး၊ အဲဒီအကျိုးပေးတွေကို တို့တွေက ကောင်းစွာသိရင် ဗုဒ္ဓါမေ သရဏံ အညံနတ္ထိ၊ ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ။ မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏၊ တရားတော်ကို ကိုးကွယ်ဆည်းကကပ်ပါ၏၊ သံဃာတော်တွေကို ကိုးကွယ်ဆည်းကပ်ပါ၏။ ဒါဆိုရင် သရဏဂုံကို ကောင်း

စွာ တည်တဲ့ပုဂ္ဂိုလ်ပဲနော်။

'မှန်လှပါဘုရား'

ပျက်ရင် ဒီပုဂ္ဂိုလ်ရဲ့ ကိုယ်အမူအရာလည်း မကောင်းဘူး၊ နှုတ် အမူအရာလည်း မကောင်းဘူး၊ စိတ်အမူအရာလည်း မကောင်းဘူး၊ အဲဒီတော့ အလုပ်မကောင်းရင် ဘာမကောင်းဘူး။

'ကံမကောင်းပါဘူးဘုရား'

ကိုယ်ပြုတဲ့အလုပ်ကောင်းမှ ကံကောင်းမှာ၊ ကံကောင်းမှုလည်း ကိုယ့်ကိုကိုယ် ကယ်တင်နိုင်မှာလေ။

'မှန်လှပါဘုရား'

အေး. . . ဒါကြောင့် ဒီနေ့ လှူဒါန်းကြတဲ့ အလှူရှင်တွေ ၈၉ နှစ်တိုင်တိုင် ကိုယ့်ရဲ့သက်တမ်းတွေကို ဖြတ်ကျော်ခဲ့သမျှဟာ အော်ကောင်းမှုကုသိုလ်တွေနဲ့ဘယ်လောက်တောင် ထုံမွှန်းခဲ့တယ်ဆိုတာ လက်ရှိသွားနိုင် လာနိုင်တဲ့ အနေအထား ကိုယ်အမူအယာ၊ နှုတ်အမူအယာ၊ စိတ်အမူအယာလေးတွေရဲ့ ပွံ့ပိုးမှုက သက်သေခံနေတာကိုက ကြည်ညိုစရာ မကောင်းဘူးလား။

'ကောင်းပါတယ်ဘုရား'

အားကျစရာလည်းကောင်းတယ်နော်။

'မှန်ပါ့ဘုရား'

အတိတ်ကလည်းပဲ အဘိုးဦးမြတင်အနေနဲ့ ကောင်းမှုစွမ်းအားတွေကြီးခဲ့သလို ပစ္စုပ္ပန်ကံအားကလည်း ထပ်လောင်းပြီး ကောင်းအောင်ဖြည့်ဆည်းသွားတဲ့အတွက် ဩော်. . . ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားသလို ထောပတ်တွေ၊ ဆီတွေပြည့်နေပါလား၊ ထောပတ်တွေ ဆီတွေပြည့်နေတဲ့ အတွက်ကြောင့် ဘယ်လောက်ရေအောက်ကိုမြှုပ်မြှုပ် ဘယ်တော့မှမမြုပ်ပါ။ မြုပ်စရာအကြောင်းရှိလားဟေ့။

'မရှိပါဘုရား'

အဲလိုမဖြုန်းနိုင်အောင် ကိုယ့်စိတ်လေးတွေ ဘာလုပ်ရမလဲ တန်ဖိုးရှိတဲ့စိတ်ဖြစ်အောင် လုပ်ရမယ်။ ဘာလုပ်ရမလဲဟေ့။

တန်ဖိုးရှိတဲ့စိတ်ရှိအောင် လုပ်ရပါမယ်ဘုရား။

ယနေ့မိမိတို့တစ်တွေသည် ကိုယ့်စိတ်ကိုတန်ဖိုးရှိတဲ့စိတ်ဖြစ်အောင် လာလုပ်ကြတယ်လေ။

'မှန်လှပါဘုရား'

အဲဒီလို လုပ်နေတဲ့ အပိုင်းအခြားကို ပြန်ပြီးသတိထားရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒီစိတ်တွေကို တန်ဖိုးရှိအောင် သတိတရားလေးနဲ့ခြံရံ၊ ဝီရိယလေးနဲ့ပံ့ပိုး၊ ပညာကလည်း အထောက်အပံ့ပြုရင် တန်ဖိုးရှိတဲ့စိတ်တဲ့ဟေ့။

'မှန်လှပါဘုရား'

သတိ၊ ဝီရိယ၊ ပညာ

ပြောပါဟေ့

'သတိ၊ ဝီရိယ၊ ပညာပါဘုရား'

သတိတရား၊ ဝီရိယတရား၊ ပညာတရား ဒီတရား (၃)ပါးသည် မိမိတို့အတွက် တန်ဖိုးရှိတဲ့စိတ်ကိုကောင်းစွာ ဖြစ်စေသည်။ ဒီတန်ဖိုးရှိတဲ့စိတ်ဖြစ်ဖို့အတွက် ဒီ (၃)မျိုးပြည့်စုံအောင်ဖြည့်ပေ့ါ။

'မှန်လှပါဘုရား'

သတိ၊ ဝီရိယ၊ ပညာ ဒီစိတ်လေးကို ပြန်ပြီးစောင့်ရှောက်ပါ။ သတိ ဝီရိယ၊ ပညာနဲ့ လျှိုဒါန်းကြတဲ့ ကုသိုလ်အပေါ်မှာ တို့တွေက ပြောပြီးမနေဘဲ ဟောဒီခန္ဓာထဲမှာ အသိတရားကိန်းပြီး သတိထားကြည့်ဖို့အတွက် ဖောက်ပြန်တဲ့တရားတွေကိုလည်း သတိထားပြီးတော့ ခန္ဓာပြတာကို စောင့်ကြည့်ရင် သိနိုင်တယ်နော်။

'မှန်လှပါဘုရား'

လုံ့လဝီရိယစိုက်ရင်လည်း ဖောက်ပြန်သမျှ မလွတ်ဘူး ပညာအဆင်အခြင်နဲ့ကြည့်လိုက်ရင်လည်း ဖောက်ပြန်တဲ့တရားတွေ့မှာပဲ။

'မှန်လှပါဘုရား'

ဒါဖြင့်ရင် ကိုယ်နဲ့ပြနေတဲ့ ဖောက်ပြန်မှု ဘာလိုခေါ်။

'ရုပ်တရားလို့ ခေါ်ပါတယ်ဘုရား'

ရုပ်တစ်လုံးပေါ်မှာ သတိ၊ ဝီရိယ ပညာလေးကိန်းလိုက်ရင် ဒီသတိ၊ ဝီရိယ၊ ပညာက စိတ်မှာပေါ်မှာနော်။

'မှန်လှပါဘုရား'

စိတ်မှာ သတိ၊ ဝီရိယ၊ ပညာလေးနဲ့သာ နေရာပေးပြီးတော့ ဟောဒီပြသမျှ တရားလေးကို အာရုံစိုက်ရင်း ဖောက်ပြန်တဲ့တရား အမှုအရာကိုကောင်းစွာသိမယ်၊ ဒီလိုသိလိုက်ရင် အဲဒီပုဂ္ဂိုလ်သည် ဒီစိတ်လေးနဲ့ လှုပ်ရှားတဲ့ကိုယ်အမူအယာကောင်းသွားပြီ၊ အဲဒီစိတ်နဲ့ လှုပ်ရှားတဲ့ နှုတ်အမူအရာကောင်းသွားပြီ၊ စိတ်မှာလည်း အပြစ်မကင်းဘူးလား။

'ကင်းပါတယ်ဘုရား'

တန်ဖိုးရှိတဲ့စိတ်၊ တန်ဖိုးရှိတဲ့စိတ်ဆိုတာ ဒါလေးတွေကိန်းရမယ်နော်။

'မှန်လှပါဘုရား'

ကဲ တစ်ခါထပ်ပြီးတော့ တို့ကြည့်ရအောင်၊ ဟောဒီတရားတွေအပေါ်မှာ ညွှတ်တတ်တဲ့တရားသည် ရုပ်လားနာမ်လား။

'နာမ်ပါဘုရား'

ဒါကို နာမ်တရားလို သတိလေးရှိတော့ သိလာတယ်။ ဝီရိယစိုက်တော့ ဒီနာမ်တရားပေါ်တိုင်းမလွတ်ဘူး၊ ပညာအဆင်ခြင်က နာမ်ကို နာမ်မှန်းဆင်ခြင် သုံးသပ်တတ်တယ်နော်။

'မှန်လှပါဘုရား'

ဒါဆိုရင် တကယ်ရှိတာက ရုပ်နဲ့နာမ်၊ ကဲ ရုပ်နာမ်ပေါ်မှာ ဖောက်ပြန်တာကရုပ်၊ သိတတ်ညွှတ်တတ်တာက . . .

'နာမ်ပါဘုရား'

အဲဒီရုပ်နာမ်အပေါ်မှာ ဒါလေးက အရှုခံနော်။

'မှန်လှပါဘုရား'

အရှုဉာဏ်ဘက်ကို ကြည့်ရအောင်၊ အရှုဉာဏ်ဘက်ကိုကြည့်တော့ ကိုယ့်စိတ်မှာက သတိ၊ ဝီရိယ၊ ပညာ ပြောလိုက်ပါ။

'သတိ ဝီရိယ ပညာပါဘုရား'

အဲဒီစိတ်သည်လည်း ရုပ်လား နာမ်လား။

'နာမ်ပါဘုရား'

အရှုခံဘက်မှာလည်း ရုပ်ကောနာမ်ကော ရှိတယ်နော်။

'မှန်လှပါဘုရား'

အရှုဉာဏ်ဘက်ကျတော့ နာမ်။

ဒီလိုဆိုရင် အရှုခံတရားတွေပြတိုင်း ပြတိုင်းကို တို့တွေက အာရုံလေးညွှတ်ပြီးတော့ ကြည့်တတ်ဖို့အရေးမှာ တန်ဖိုးရှိတဲ့စိတ်ဆိုတာ ဟောဒီ အရှုဉာဏ်လေးပေါ်မှာနော်။

'မှန်လှပါဘုရား'

အရှုဉာဏ်မပေါ်ဘူးဆိုရင် လောဘ၊ ဒေါသ၊ မောဟတွေနဲ့ သောင်းကျန်းသွားတဲ့ နာမ်မွေပိုင်းမှာ ကာယကံတွေမကောင်း၊ ဝစီကံတွေမကောင်း၊ မနောကံတွေမကောင်းရင် အပြုမကောင်းရင် ကံလည်းမကောင်းဘူး၊ ကံမှမကောင်းရင် ဟော့ ဘယ်လောက်ပဲပေါ်ချင်ပါတယ်ပြောပြော ဘယ်လောက်ပဲ သွားပြီး ရွတ်ဖတ်သရဇ္ဈာယ် ဘယ်တော့မှ မပေါ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မြုပ်စေတတ်တဲ့ အကုသိုလ်တွေ သူ့မှာရှိနေလို့။

ယနေ့ အလျှူရှင်နဲ့တကွ အားလုံးသော သူတော်စင်တွေ ကြိုးစားထားတဲ့အပိုင်းတွေ သတိစွမ်းအားလည်း မမြင့်ဘူးလား။

'မြင်ပါတယ်ဘုရား'

ဝီရိယစွမ်းအားလည်း မမြင့်ဘူးလား။

'မြင့်ပါတယ်ဘုရား'

ပညာစွမ်းအားလည်း မမြင့်ဘူးလား။

'မြင့်ပါတယ်ဘုရား'

(၈၇) ရက်လေး။

'မှန်လှပါဘုရား'

အဲဒီလို (၈၇) ရက်ကို ကောင်းစွာကြိုးစားပြီးတော့မှ ကိုယ်ရဲ့ဖခင် (၈၉) နှစ်ပြည့် မွေးနေ့မှာ ကဲ မောင်နှမတစ်တွေစုပေါင်းပြီးတော့မှ ကြိုးစားပြီး ဖြည့်ဆည်း၊ ဒကာမကြီး ဒေါ်ခင်ချိုချိုကလည်း ကိုယ့်ရဲ့ (၈၉)ရက်မှာ ရက် (၁၀၀) စခန်းကို ကြိုးစားပြီး ကျင့်ကြံအားထုတ်ပြီးတော့ ဖြည့်ဆည်းပြီး ကောင်းမှုကုသိုလ် ကြဲချပြီးတော့ အခုလို စိုက်ပျိုးလိုက်တာဟာ တန်ဖိုးရှိလိုက်တာ အဖိုးတန်လိုက်တာ၊ ငါ့ရဲ့အပြုအမူ အပြောအဆို အကြံအစည်တွေက ဘုရားရဲ့ အလိုတော်ကျ ကြည့်စမ်း ထောပတ်နဲ့ ဆီအိုးနဲ့ ပမာ၊ ငါ့ရဲ့ ခန္ဓာကိုယ်ကြီးထဲမှာ ထောပတ်တွေဆီတွေကို လှောင်ထားသလို သူတော်ကောင်းတရားတွေကို ထုံဖွဲ့ထားတဲ့အတွက်ကြောင့်မို့လို့ ဘယ်အချိန်ပဲ ခန္ဓာကိုယ်ကြီးပျက်စီး ခုနရေအောက်ကြမ်းပြင်ကို ငုတ်ရှိုသွားပြီး ဟောဒီထောပတ်အိုးကြီးကို ခွဲချလိုက်၊ လောကမှာဒီသူတော်ကောင်းတရားတွေ ကိန်းနေတဲ့ ခန္ဓာကိုယ်ကြီး ပြိုကွဲပျက်စီးတာသည် သေတာပဲနော်။

'မှန်လှပါဘုရား'

အိုးကြီးခွဲလိုက်တဲ့ပမာပဲနော်။

'မှန်လှပါဘုရား'

ဒီချိန်ခါမှာ ဟောဒီ သိုလှောင်ထားတဲ့ သူတော်ကောင်းတရားတွေ ကိန်းနေတဲ့ ရုပ်ခန္ဓာကိုယ်ကြီးကတော့ ကျန်ခဲ့မှာပါ။ ခုန အိုးကို ခွဲလိုက်တော့ အိုးခြမ်းကွဲက ရေအောက်ကြမ်းပြင်မှာ ကျန်မကျန်။

'ကျန်ပါတယ်ဘုရား'

ဆီတွေ ထောပတ်တွေက ဘယ်တက် . . .

'ရေပေါ်တက်ပါတယ်ဘုရား'

ရေပေါ်တက်သလိုပဲ၊ အဲဒါကြီးကို တက်ပါတက်ပါလို့ ဝိုင်းပြောလို့ တက်တာလားဟေ့။

'မဟုတ်ပါဘူးဘုရား'

'ဒါကြီးကို တက်အောင် ဖန်ဆင်းရှင် တန်ခိုးရှင် ကောင်းကင်ဘုရား တွေက တက်အောင်လုပ်တာလား။

'မဟုတ်ပါဘူးဘုရား'

တက်စေရတဲ့အကြောင်းကို မိမိရဲ့သန္တာန်မှာ ပြုထားရင် ရမှာပေါ့။

'မှန်လှပါဘုရား'

အထက်ထက်ကို တက်ဖို့အတွက်က သူတော်ကောင်းတရားတွေ လုပ်ထားရင် တက်မှာပဲ။

'မှန်လှပါဘုရား'

ဒါကို သူတော်စင်များက ကိုယ်ကြည်ညိုလို့ ကိုးကွယ်တဲ့ သရဏဂုံ တရားကလွဲလို့ တခြားတစ်ပါးကို မကိုးကွယ်ဘူး၊ အားလည်းမပေးဘူး၊ အဲဒီ ပုဂ္ဂိုလ်တွေက ကိုယ့်ကို အမြင်ကပ်ပြီးတော့ မင်းသွားစမ်းကွာ၊ ငါ့စကား နားမထောင်ဘူး၊ အပါယ်ကိုဆင်းစမ်း ဆင်းစမ်း ကြိုက်သလောက်ပြော ရလားဟေ့။

'မရပါဘူးဘုရား'

အပါယ်ကို တွန်းချလည်း ကျမလား. . .

'မကျပါဘူးဘုရား'

ကိုယ့်မှာက ကျအောင်လို့ နက်နဲတဲ့အကုသိုလ်ကံတရား မလုပ်ဘူးလေ။ ဟောဒီ ကာယကံ၊ ဝစီကံ၊ မနောကံတွေကို ကောင်းအောင်လုပ်ခဲ့တဲ့ စိတ်ရဲ့စွမ်းအားသတ္တိ တန်ဖိုးရှိအောင်လုပ်ထားလို့ အဲဒီစိတ်စွမ်းအား သတ္တိကို ဘယ်တန်ခိုးရှင်က လာပြီးတော့ နှိမ်နင်းလို့ မရပါဘူး။ ဒီစိတ်နဲ့သာ သေသွားရင် ကြိုက်တဲ့တန်ခိုးရှင်က လာပြီး အပါယ်ကိုသွားစမ်းပါလို့ ပြောလို့ရလား ဟေ့။

'မရပါဘူးဘုရား'

အဲဒီသဘောလေးကို တခြားက ဟောတာလား ဘုရားက ဟောတာလား။

'ဘုရားက ဟောတာပါဘုရား'

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မင်းရဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေ မကောင်းခဲ့သမျှတော့ ကျောက်တုံးပမာ ရေထဲမြုပ်သွားမှာပဲ၊ သေးငယ်တဲ့ ကျောက်တုံးလေး ဖြစ်ပါစေ၊ မြုပ်မှာပဲ။

ကဲ. . . သေပေါက်သေဝရောက်တဲ့ခဏမှာ ကြောက်စရာ ဘယ်လောက်ကောင်းလဲ ကြည့်၊ မလ္လိကာမိဖုရားကြီးတို့ ကောင်းမှုကုသိုလ်တွေ ထုံမွမ်းလိုက်တာ အားရပါးရ သေကာနီးကျမှ သွားပြီးတော့ကြည့်၊ ဖျတ်ဆို စိတ်လေးမှာ လင်ယောကျ်ား သူတော်ကောင်းကြီးကို မတောင်းပန်ခဲ့လေခြင်း ပူပန်တဲ့ ကုက္ကုစ ဖျတ်ဆို နေရာမယူဘူးလား။

'ယူပါတယ်ဘုရား'

အဲဒါကြောင့်မို့လို့ ကိုယ်မှာလည်း တုန်လှုပ်ပါတယ်၊ နှုတ်မှာလည်းပဲ သူ့ခမျာ နောင်တတွေရပြီးတော့ စိတ်မှာလည်း အကြွဲအစည်လေးနဲ့ ဒီတရားတွေ လွှမ်းခြုံသွားလိုက်တာ ကိုယ်လည်းပဲ အပြုအမူမကောင်းတော့ဘူး၊

နှုတ်လည်းပဲ အပြောအဆိုမကောင်းတော့ဘူး၊ ဟောဒီစိတ်အကြံအစည် လည်း ကောင်းအုံးမလားဟေ့။

'မကောင်းပါဘူးဘုရား'

ကုက္ကုစဆိုတဲ့ အကုသိုလ်လေး ဝင်ရောက်နှောင့်ယှက်သွားတာ အဲဒီနှောင့်ယှက်သွားတဲ့ အဲဒီစိတ်က တစ်စိတ်နော်။

'မှန်လှပါဘုရား'

သူပြုခဲ့တဲ့ ရှေ့က ကုသိုလ်စိတ်က တစ်စိတ်ရောလို့ ရလားဟေ့။

'မရပါဘူးဘုရား'

ဒါဆိုရင် သေကာနီးလေးမှာ စိတ်နှစ်စိတ် ပြိုင်ပေါ်လား။

'မပေါ်ပါဘူးဘုရား'

မပေါ်တဲ့အတွက် သူ ကုသိုလ်ပြုခဲ့တဲ့စိတ်တွေ မလာတော့ဘဲနဲ့ ဒီကုက္ကုစ္စဆိုတဲ့စိတ်လေးက ဖျတ်ဆို အကျိုးပေးလိုက်တာ ကျောက်တုံးပမာ မြုပ်သွားတယ်လေ။

'မှန်ပါ့ဘုရား'

ထောပတ်ဆီနဲ့တူတဲ့ ကုသိုလ်စိတ်တွေက ဒီအချိန်မှာ နေရာမရလိုက် ဘူး၊ မရလိုက်တော့ ဆွဲမြုပ်တဲ့နောက် ပါသွားတယ်၊ နစ်နာမသွားဘူးလား။

'နစ်နာပါတယ်ဘုရား'

ဒါဖြင့်ရင် သေကာနီးမှာ ဘယ်စိတ်အရေးကြီး၊ တန်ဖိုးရှိတဲ့စိတ်။ စိတ်လေးကို တန်ဖိုးရှိအောင် လုပ်လေ။

'မှန်လှပါဘုရား'

ဒါလေးသည်ပင် ကြောင့်ကြပူပန်စိတ် မကောင်းပါလားလို့ သတိလေး ရှိလိုက်ပါ၊ အဲဒါကို အဝင်မခံရအောင် ကြိုးစားလိုက်ပါ၊ ဒီတရားပေါ်မှာ လိုက်ဆင်ခြင်တတ်တဲ့ပညာလေး နေရာပေးလိုက်၊ အဲလိုဆိုရင် သတိ၊ ဝီရိယ၊

ပညာလေးသည် ကိုယ့်သန္တာန် ဖျတ်ဆို နေရာပေးလိုက်၊ အဲဒီပုဂ္ဂိုလ် တန်ဖိုး ရှိသွားပြီ။ ဒါဖြင့် တန်ဖိုးရှိတဲ့အလုပ်ကို လုပ်နေတာက (၈၇)ရက်နော်။

'မှန်လှပါဘုရား'

အဲဒီ (၈၇)ရက်က ဟောဒီကောင်းမှုကုသိုလ်ကံတွေသည် သံသရာ ကျင်လည်ရတဲ့ ဘဝတစ်လျှောက်လုံ အားကိုးရတယ်၊ ဒါပေမယ့် ဒုက္ခနဲ့ ဒုက္ခ ဆက်နေတာဖြစ်တဲ့အတွက် ကြိုက်စရာရှိပါလားလို့ ဒုက္ခသစ္စာနဲ့ ဒုက္ခသစ္စာ ၂ နဲ့ ၄ ရဲ့ အပြောင်းအလဲ လဲယူခဲ့တဲ့အပိုင်းလေးက ရှည်ခဲ့သမျှ သံသရာ ဟာ ကြောက်စရာကောင်းတယ်လို့ ဒုက္ခနဲ့ဒုက္ခဆက်ပုံ ပြထားတယ်နော်။

'မှန်လှပါဘုရား'

အဲဒီ ဒုက္ခသံသရာက လွတ်ချင်ပါတယ်ဆိုရင် အရှုခံရုပ်ဘက်ကိုလည်း သတိ၊ ဝီရိယ၊ ပညာလေးနဲ့လှည့်၊ အရှုခံ နာမ်ဘက်ကိုလည်း သတိ၊ ဝီရိယ၊ ပညာလေးနဲ့လှည့်၊ သူတို့မခေါ်ဘူးလား ခေါ်လား။

'ခေါ်ပါတယ်ဘုရား'

ဖောက်ပြန်တဲ့ရုပ်တရားက အရှုခံ ရုပ်ကခေါ်မှာ။

'မှန်လှပါဘုရား'

အာရုံကို သိတတ် ညွတ်တတ်တဲ့ ဒီအသိလေးကလည်းပဲ အရှုခံ နာမ်ဘက်က ခေါ်မှာပဲ။ အဲဒီခေါ်တဲ့နောက်ကို သတိ၊ ဝီရိယ၊ ပညာယှဉ် တဲ့စိတ်လေးနဲ့လိုက်၊ တန်ဖိုးရှိတဲ့စိတ်လေးက ဘာမြင်လဲမေးရင် ရုပ်ကို ရုပ်မှန်းမြင်လိမ့်မယ်၊ နာမ်ကို နာမ်မှန်းမြင်လိမ့်မယ်၊ ဒီရုပ်ဒီနာမ်တွေရဲ့ ဖြစ်ပျက်ကို မြင်မယ်ဆိုရင်တော့ ဒီနေ့လှူလိုက်တဲ့ ကောင်းမှုကုသိုလ်ပေါ်မှာ ထိပ်တန်းကျအောင် ကျေးဇူးများတဲ့ တန်ဖိုးရှိတဲ့စိတ်လေးနဲ့ ခြံရံတာမို့လို့ အဲဒီပုဂ္ဂိုလ် မြုပ်စရာအကြောင်းမရှိဘူး၊ မှန်ရဲ့လား။

'မှန်ပါတယ်ဘုရား'

ဒါဆို ယနေ့ (၈၇) ရက်တိုင်တိုင် ကြိုးစားခဲ့တဲ့စွမ်းအားသတ္တိသည် အားကိုးရပြီပေါ့။

'မှန်လှပါဘုရား'

အဲဒီ (၈၇)ရက်မြောက်မှ လာရောက်လျှူခွင့်ရတဲ့ အသက် (၈၉)နှစ် ပြည့် မွေးနေ့ပိုင်ရှင် ဒကာကြီး ဦးမြတင်အနေနဲ့လည်း ဩော် . . . ငါသည် ကောင်းမှုကုသိုလ်တွေကို အားရပါးရ ပြုခွင့်ရတယ်၊ ဒီကုသိုလ်တရားရဲ့ စွမ်းအားသတ္တိသည် သံသရာမှာ ကျင်လည်ရတဲ့တစ်လျှောက် အားကိုးရမယ်၊ ဒါပေမယ့် ဟောဒီခန္ဓာဒုက္ခကြီးက ခံရအုံးမှာပဲ။ ဒီဒုက္ခခန္ဓာတွေကို ငါသည် ကြောက်သွားပြီ၊ ရွံသွားပြီ၊ မုန်းသွားပြီ။ ဒီဒုက္ခတွေက လွတ်မြောက်အောင် ငါ ကြိုးစားဖို့ ဟောဒီခန္ဓာထဲမှာ ငါ ပြန်ကြည့်မယ်၊ ဖောက်ပြန်နှိပ်စက်နေတာ အိုသည့်တိုင်အောင် ငါ့ကို နှိပ်စက်လျက်ပါလား၊ ဟောဒီစိတ်တွေကလည်းပဲ အငြိမ်မနေရအောင် ဒုက္ခတွေပေးနေတယ်၊ ဒါကြောင့်မို့ သူတို့ပေးသမျှလေး ကို ငါကြည့်ရမှာက ရုပ်ဘက်ကလည်း ဒုက္ခပဲ၊ နာမ်ဘက်ကလည်း ဒုက္ခပဲ၊ သတိလေးထားပြီး စောင့်ကြည့်၊ ဝီရိယလေးနဲ့ ကြိုးစား၊ ပညာအဆင်အခြင် နဲ့သာ အကဲခတ်၊ တန်ဖိုးရှိတဲ့စိတ်က မမြင်သွားဘူးလား။

'မြင်သွားပါတယ်ဘုရား'

အဲဒီမြင်သွားတဲ့ခဏလေးသည်ပင် ကိုယ်လှူတဲ့အလှူသည် နိဗ္ဗာန်နဲ့ ထိုက်တန်အောင် ကျေးဇူးများမယ်လို့ ဘုရားက မဟောဘူးလား။

'ဟောပါတယ်ဘုရား'

ဒကာတော်ပုဏ္ဏား၊ လောကမှာ အဲလိုမျိုး လာရောက်ပြီးတော့ ပြုတဲ့ ပုဂ္ဂိုလ်တွေက ရတယ်ဆိုတာသည် သင်ပဲ စဉ်းစားပါ။ ကျောက်တုံးတစ်တုံး ကို ရေထဲချလို့ မြုပ်သွားတဲ့အရာကို ပြန်ပေါ်စမ်းပါဆိုပြီးတော့ ကြိုက် သလောက်ပြော မရပါဘူး၊ သေသွားတဲ့ပုဂ္ဂိုလ်ကိုလည်း ကြိုက်သလောက် ကမ္မဝါစာတွေနဲ့ပဲဖတ်ဖတ် ကုသိုလ်တွေဖြစ်အောင်လို့ ပရိတ်တရားတွေနဲ့ပဲ

ပုံပိုးပုံပိုး ကျမ်းမျိုးစုံတွေနဲ့ သူတို့ကိုပဲ ဝိုင်းပြီး ရွတ်ဖတ်သရဇ္ဈာယ်၊ ကိုယ်လုပ်ခဲ့တဲ့စိတ်က တန်ဖိုးမဲ့ခဲ့ရင် ဆွဲတင်လို့မရပါဘူး၊ ရမလားဟေ့။

'မရပါဘူးဘုရား'

မသေခင်ကဆိုရင် ဟုတ်တယ်နော်၊ သေသွားမှတော့ မရပါဘူး၊ မြုပ်သွားမှတော့ မဆယ်နဲ့နော်။

'မှန်လှပါဘုရား'

အဲဒီအပိုင်းအခြားလေးကို သတိထားဖို့အတွက်ကို ခုနတုန်းကပုဂ္ဂိုလ်တွေ လုပ်နိုင်တယ်၊ မြတ်စွာဘုရားက မလုပ်နိုင်ဘူးလားလို့ သွားလျှောက်လို့ ဘုရားက ဒီဥပမာပြောရတာနော်။

'မှန်လှပါဘုရား'

ခုနတုန်းကပုဂ္ဂိုလ်တွေ မရွတ်ဘဲလည်းပဲ နေကြစမ်းပါစေ၊ ဟောဒီတန်ဖိုးရှိတဲ့စိတ်လေးနဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတွေကောင်းခဲ့ရင် အဲဒီပုဂ္ဂိုလ်မှာ ကုသိုလ်တရားတွ ထုံဖွဲ့ခဲ့မယ်ဆိုရင် ထောပတ်အိုး၊ ဆီအိုးလိုပါပဲ။ အဲဒီပုဂ္ဂိုလ်ကို မြုပ်အောင် ဘယ်သူမှ လုပ်လို့မရပါဘူး၊ ပေါ်ဖို့အရေးကိုသာလျှင် အထက်ဆန်မှာပဲဆိုတာကို နှစ်ခုနဲ့ နှိုင်းယှဉ်ပြပြီး ဥပမာပေးမသွားဘူးလား။

'ပေးသွားပါတယ်ဘုရား'

အခုလည်း သူတော်စင်များမြင်အောင်လို့ သေကာနီးလေး တစ်ချက်မှာ ပြင်လို့ရတယ်ဆိုတာ ပါသွားတယ်နော်။

'မှန်လှပါဘုရား'

တကယ်လို့ ကိုယ်က ကုသိုလ်တွေလုပ်ခဲ့ပြီးမှ အကုသိုလ်စိတ်လေးနဲ့ ကြောင့်ကြပူပန်တဲ့သဘောလေးသည်ပင် ကိုယ့်ကို နစ်နာစေပါလားဆိုတာ ပေါ်သွားပြီနော်။

'မှန်လှပါဘုရား'

ဒါကြောင့်မို့လို့ တန်ဖိုးရှိတဲ့စိတ်လေးနဲ့ ယနေ့ လှူဒါန်းလိုက်တဲ့ ကောင်းမှုကုသိုလ်ပင် အပြစ်မကင်းဘူးလား။

'ကင်းပါတယ်ဘုရား'

ဩော်. . . ငါ့မှာ ဟိုအရာရာ ဒီအရာရာ ပူပန်ကြောင့်ကြပြီး ပြာလောင်ခတ်နေမယ်ဆိုရင် အဲဒီစိတ် မစင်ကြယ်တော့ဘူး။ တချို့က လာသာ လှူလိုက်ရတယ်၊ ဖင်တကြွကြွဖြစ်ချင် ဖြစ်နေတာကိုး။ နောက်ဘက်ကိုလည်း အာရုံပြုပြီးတော့ ဩော်. . . အချိန်က လုနေရတယ်၊ နာရီလေး တကြည့်ကြည့်နဲ့ဆိုတော့ ပြာလောင်မခတ်ဘူးလား။

'ခတ်ပါတယ်ဘုရား'

ဒါဖြင့် ဒီစိတ် တန်ဖိုးရှိပါ့မလား။

'မရှိပါဘူးဘုရား'

အခုကြည့်၊ မွေးနေ့ရှင် ဒကာကြီး ဦးမြတင်နဲ့ မိသားစုအားလုံးသည် မနက်စောစော အာရုံကို ရောက်ရှိလာပြီး တစ်နေကုန်ကို ကိုယ့်မှာက အသက်အရွယ်ကြီးရင့်ပေမယ့် ဒီခန္ဓာကိုယ်ကြီးက မမျှတပေမယ့် ယခုကြည့် ချမ်းချမ်းသာသာနဲ့ ရအောင်ကြိုးစားမယ်ဆိုတဲ့ သဒ္ဓါတရားက အားမကောင်းဘူးလား။

'ကောင်းပါတယ်ဘုရား'

အဲဒီ သဒ္ဓါတရားအားကောင်းတာလည်း ကုသိုလ်သာလျှင် ငါတို့အတွက် အားကိုးရာပါလားဆိုတာ ဘာရှိလို့၊ သတိရှိနေလို့၊ အဲဒီသတိလေးကလည်း သူ့ရဲ့သန္တာန်မှာ ကိန်းတယ်လေ။

'မှန်လှပါဘုရား'

'အဲဒီတော့ ကိုယ်က ဟောဒီကုသိုလ်တရားတွေပေါ် မှာ ငါ ဘယ်တော့မှ နောက်မကျစေရဘူးဆိုတာ ဘာတုန်း၊ လုံ့လ ဝီရိယ။ ဒီတော့ ပညာ

အဆင်ခြင်လေးနဲ့ ထပ်လောင်းပြီး ပုံပိုးတော့ ယနေ့ ကျက်သရေရှိလောက် အောင်ကို မွေးနေ့ကော မတင့်တယ်သွားဘူးလား။

'တင့်တယ်သွားပါတယ်ဘုရား'

စွမ်းအားသတ္တိကော မပြည့်သွားဘူးလား။

'ပြည့်သွားပါတယ်ဘုရား'

ဒါဖြင့် တို့လှူလိုက်တဲ့ အလှူဟာ တန်ဖိုးရှိတဲ့စိတ်လေးနဲ့ပေါ့။

'မှန်လှပါဘုရား'

ဘာစိတ်နဲ့တုန်း . . .

'တန်ဖိုးရှိတဲ့စိတ်နဲ့ပါဘုရား'

တန်ဖိုးရှိတဲ့စိတ်လေးက ကိုယ့်ရဲ့သန္တာန်မှာ အားကောင်းဖို့ဆိုရင် ခန္ဓာထဲမှာပဲ အာရုံရောက်ပါစေနော်။

'မှန်လှပါဘုရား'

လှူနေတဲ့ခဏလေးမှာ လှူနေတဲ့စေတနာလေးသည်ပင် အရှုခံ၊ နာမ်တရား။ အဲဒီနာမ်တရားလေးသည်ပင် ဖြစ်ပြီး တည်လား၊ ပျက်လား။

'ပျက်ပါတယ်ဘုရား'

အခုလို အားရပါးရနဲ့ တရားတွေကို နာရတယ်၊ လှူလိုက်တဲ့ ကောင်းမှု ကုသိုလ်တွေပေါ်မှာ အာရုံပြုနေပြီး ကြည်နူးနေရင် ဝမ်းမြောက်မှု သဘော တရားကလည်း ကိုယ့်ရင်မှာ ကိန်း မကိန်း။

'ကိန်းပါတယ်ဘုရား'

တခြားတပါးလား အရှုခံပဲလား . . .

'အရှုခံပါဘုရား'

အဲဒါကို သတိလေးထားရင် သိလာမယ်နော်။

'မှန်လှပါဘုရား'

ဝီရိယစိုက်ရင် လွတ်စရာအကြောင်းမရှိဘူး၊ ပညာအဆင်အခြင်နဲ့ ကြည့်လိုက်ရင် ခုန ပြောခဲ့တဲ့တရားတွေသည် သြော် . . . စိတ်ဘက်က နာမ်တရားလည်း ဖြစ်ပြီး ပျက်နေတယ်၊ ဖောက်ပြန်တဲ့ ရုပ်တရားကလည်း ဖြစ်ပြီးပျက်နေတယ်၊ အဲဒီ ဖြစ်နေ ပျက်နေတဲ့ တရားပေါ်မှာ ဟောဒီဉာဏ် အသိလေးကိန်းရင် လောဘ၊ ဒေါသ၊ မောဟ လာသေးလား။

'မလာတော့ပါဘူးဘုရား'

အပြစ်ကင်းတဲ့ တန်ဖိုးရှိတဲ့စိတ်လေးက ယနေ့ နေရာပေးပြီးတော့မှ လှူလိုက်ရတဲ့ (၈၉)နှစ်ပြည့် မွေးနေ့မင်္ဂလာသည်လည်းပဲ ကျက်သရေအတိ မပြည့်သွားဘူးလား။

'ပြည့်ပါတယ်ဘုရား'

နိဗ္ဗာန်နဲ့ထိုက်တန်တဲ့ မျိုးစေ့ကောင်းကော မရသွားဘူးလား။

'ရသွားပါတယ်ဘုရား'

အဲဒါမျိုးတွေကိုသာ ရအောင် ကြိုးစားပြီး လှူကြလို့ တိုက်တွန်းရင်း အချိန်လည်းစေ့ပြီဖြစ်လို့ သာဓု (၃) ကြိမ်ခေါ် တော်လိုက်ကြရအောင်။

**သာဓု . . . သာဓု . . . သာဓုပါဘုရား။**

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]